# ရှင်ယာကုပ် ဩဝါဒစာ

သင်ခန်းစာ တစ်

ရှင်ယာကုပ် ဩဝါဒစာ မိတ်ဆက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

နောက်ခံသမိုင်း ........ 1

ကျမ်းရေးသူ ........ 2

အစဉ်အလာ ရှုမြင်ချက် ........ 2

ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း ........ 6

မူလပရိသတ် ........ 8

အချိန်အခါ ........ 10

တည်နေရာ ........ 10

ရက်စွဲ ........ 11

ရည်ရွယ်ချက် ........ 13

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ........ 15

နှုတ်ဆက်ခြင်း (၁း၁) ........ 20

ဉာဏ်ပညာနှင့် ဝမ်းမြောက်ခြင်း (၁း၂-၁၈) ........ 20

ဉာဏ်ပညာနှင့် နာခံမှု (၁း၁၉-၂း၂၆) ........ 22

လက်တွေ့လုပ်ဆောင်ချက် (၁း၁၉-၂၇) ........ 22

မျက်နှာလိုက်ခြင်း (၂း၁-၁၃) ........ 24

ယုံကြည်ခြင်း (၂း၁၄-၂၆) ........ 26

ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်း (၃း၁-၄း၁၂) ........ 27

နှုတ်လျှာအကြောင်း (၃း၁-၁၂) ........ 27

ဉာဏ်ပညာ နှစ်မျိုး (၃း၁၃-၁၈) ........ 29

အတွင်း စစ်ပြိုင်ခြင်း (၄း၁-၁၂) ........ 30

ဉာဏ်ပညာနှင့် ရှေ့အနာဂတ် (၄း၁၃-၅း၁၂) ........ 30

စီမံကိန်းများ ချမှတ်ခြင်း (၄း၁၃-၁၇) ........ 31

ရွှေငွေဥစ္စာ သိုမှီးခြင်း (၅း၁-၈) ........ 31

စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းခြင်း (၅း၇-၁၂) ........ 32

ဉာဏ်ပညာနှင့် ဆုတောင်းခြင်း (၅း ၁၃-၁၈) ........ 33

နိဂုံးချုပ် တိုက်တွန်း နှိုးဆော်ချက် (၅း၁၉-၂၀) ........ 34

နိဂုံး ........ 34




ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

မွေးချင်း ညီအစ်ကို မောင်နှမ တစ်ယောက် သို့မဟုတ် ရင်းနှီးသော သူငယ်ချင်း တစ်ဦးနှင့် အတူတကွ ကြီးပြင်းလာပုံအကြောင်း ခဏလောက် စိတ်ကူးကြည့်ပါ။ သင်တို့ ကစားအတူ၊ စာသင် အတူ၊ အရွယ်ရောက်လာတာချင်း အတူတူ ဖြစ်ကြသည်။ သင့် ဘဝ အချိန်အခါ အတော်များများတွင် ဤပုဂ္ဂိုလ်သည် သင့်နံဘေးတွင် ရှိနေပြီးနောက် တနေ့တွင် သင့်သူငယ်ချင်း သို့မဟုတ် မွေးချင်း ညီအစ်ကိုသည် "ဘုရားသခင့် ရွေးကောက်ခံ" ဖြစ်ကြောင်း အခိုင်အမာ ဆိုလာသည်။ ပြောရမည် ဆိုလျှင် ယေရှု၏ ညီတော် ဖြစ်သူ ယာကုပ်အတွက်မှာမူ ဤအရာသည် စိတ်ကူးမြင်ကွင်းတစ်ခု မဟုတ်ခဲ့ပါ။ သူငယ်ရွယ်စဉ်နှစ်များအတွင်း ယေရှုသည် ကယ်တင်ရှင် ဖြစ်သည်ဆိုသည့်အပေါ် သူ သံသယ ရှိခဲ့သည်။ သို့သော် သူ့ဘဝနှောင်းပိုင်းကာလတွင် သူသည် ယေရှု၏ နောက်လိုက်တစ်ဦး ဖြစ်လာရုံမက ယေရှုရှလင် အသင်းတော်၏ ခေါင်းဆောင်တစ်ဦးပါ ဖြစ်လာခဲ့ပြီး သူ့အမည်ကို ဆောင်ယူသော ဓမ္မသစ် စာစောင်ကို ရေးသားခဲ့သည်။

ဤသင်ခန်းစာသည် ကျွန်ုပ်တို့၏ *ရှင်ယာကုပ် ဩဝါဒစာ* သင်ခန်းစာ စာစဉ်ထဲမှ ပထမ သင်ခန်းစာဖြစ်ပြီး "ရှင်ယာကုပ် ဩဝါဒစာ မိတ်ဆက်" ဟု ခေါင်းစဉ်ပေးထားသည်။ ဤသင်ခန်းစာထဲတွင် ဓမ္မသစ်ကျမ်းစာပါ ဤအပိုင်းအား သစ္စာရှိရှိ အနက်ဖွင့်နိုင်ရေး ထောက်ကူပေးမည့် မိတ်ဆက် အကြောင်းအရာ အများအပြားအား ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။

ယာကုပ် ဩဝါဒစာ နိဒါန်းကို ကျွန်ုပ်တို့ ပုံစံနှစ်မျိုးဖြင့် ကြည့်ကြပါမည်။ ပထမ ဦးစွာ စာစောင်၏ နောက်ခံသမိုင်းကြောင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ဒုတိယအနေဖြင့် ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကျွန်ုပ်တို့ ရှာဖွေကြပါမည်။ ယာကုပ်ဩဝါဒစာစောင်၏ နောက်ခံသမိုင်းဖြင့် အစပြုကြပါစို့။

# နောက်ခံသမိုင်း

မည်သည့် ကျမ်းစာစောင်အတွက်မဆို ၎င်း၏ အရေးအသားကို လွှမ်းခြုံထားသော အဆက်အစပ်သမိုင်းကြောင်းကို နားလည်နိုင်သမျှ နားလည်ရန် လိုအပ်ပါသည်။ သမ္မာကျမ်းစာထဲက မတူခြားနားသော စာစောင်တို့အား အမှန်တကယ် ဖြစ်ပျက်ခဲ့သော သမိုင်းကြောင်း အခြေအနေအတွင်း သီးသန့် စေ့ဆော်တိုက်တွန်းမှုများ အောက်၌ သီးသန့် အလေးပေးလိုသည်များအတွက် လူတို့က ရေးခဲ့ကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါ နောက်ခံသမိုင်းဆိုင်ရာ အမှုအရေးတို့အား လေ့လာခြင်းသည်

စာအုပ်များကို အရှိအတိုင်း သိနားလည်ရန် ကျွန်ုပ်တို့အား ထောက်ကူပေးနိုင်ပါသည်။ ယာကုပ်စာစောင်နှင့် ဆက်စပ်တွဲဖက်နေသည့် နောက်ခံအခြေအနေနှင့် စေ့စေ့စပ်စပ် တိုက်တွန်းချက်များအကြောင်း ကျွန်ုပ်တို့ ထည့်သွင်း စဉ်းစားသည့်အခါ မူလရေးသားခဲ့စဉ်က ယင်းစာစောင် ဆိုလိုခဲ့သည့် အဓိပ္ပာယ်ကို နားလည်စေမည့် ပိုမိုကောင်းမွန်သည့် လေ့ကျင့်ပြင်ဆင်မှုကို ကျွန်ုပ်တို့ ရရှိကြပါသည်။ ထို့အပြင် ယနေ့ ကျွန်ုပ်တို့ ခေတ်ကာလအတွက်လည်း ယာကုပ်၏ သွန်သင်ချက်များကို ပိုမိုထိရောက်စွာ ကျွန်ုပ်တို့ အသုံးပြုနိုင်မည်လည်း ဖြစ်ပါသည်။

ယာကုပ်၏ နောက်ခံသမိုင်းကို သိနားလည်ရန်အတွက် စာရေးသူအကြောင်းကို ဦးစွာ ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ထို့နောက် မူလပရိသတ်အကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ အဆုံးသတ်တွင် ယာကုပ်စာစောင် ရေးသားစဉ် အချိန်အခါကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ယာကုပ် ဩဝါဒစာကို မည်သူ ရေးသည် ဆိုသည်နှင့် အစပြုကြပါစို့။

# ကျမ်းရေးသူ

ကျမ်းစာကို သန့်ရှင်းသော ဝိညာဉ်တော်က မှုတ်သွင်းတော်မူကြောင်း ကျွန်ုပ်တို့ သိရှိကြသော်လည်း ယာကုပ်စာစောင်ကဲ့သို့သော စာစောင်အများစုသည် သူတို့ကို ရေးသားသည့် လူသားကျမ်းရေးသူများ မည်သူ ဖြစ်သည်ကို ဖော်ထုတ်ထားကြသည်။ သမ္မာကျမ်း ရေးသူများအကြောင်း ကျွန်ုပ်တို့ ပိုသိလာလေလေ၊ ကျွန်ုပ်တို့၌ ပြင်ဆင်မှု ပိုရှိလေဖြစ်ကာ သူတို့ရေးသည့် အရာတို့ကို အနက်ပိုဖွင့်နိုင်လေ ဖြစ်သည်။ သို့ဖြစ်၍ ဤအကြောင်းကြောင့် ယာကုပ်ဩဝါဒစာကို မည်သူရေးခဲ့သနည်း ဆိုသည်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ နိုင်သမျှ သင်ယူရမည်ဖြစ်ပါသည်။

ယာကုပ်စာစောင်ရေးသူကို ဖော်ထုတ်ရန် အကြောင်းအရာနှစ်ခုကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ပထမအားဖြင့် ယေရှု၏ ညီငယ်တော်စပ်သူ ယာကုပ်က ဤဩဝါဒစာစောင်ကို ရေးခဲ့သည် ဆိုသည့် အစဉ်အလာ ရှုမြင်ချက်ကို လေ့လာဖော်ထုတ်ကြပါမည်။ ဒုတိယအနေနှင့် စာရေးသူ၏ တစ်ကိုယ်ရည် သမိုင်းကြောင်းကို ကျွန်ုပ်တို လေ့လာဖော်ထုတ်ကြပါမည်။ အဆိုပါ ကိစ္စရပ်များအပေါ် အစဉ်အလာ ရှုမြင်ချက်ဖြင့် အစပြုကြပါစို့။

## အစဉ်အလာ ရှုမြင်ချက်

ယာကုပ် ၁း၁ တွင် ရိုးရှင်းသော ဤဖော်ပြချက်ဖြင့် စာစောင် အစပြုသည်။

> ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ ကျွန် ငါယာကုပ်သည် အရပ်ရပ်တို့၌ ကွဲပြားသော တစ်ဆယ့်နှစ်ပါးသော အမျိုးတို့ကို မေတ္တာဖြင့် ကြားလိုက်ပါ၏။ နှုတ်ဆက်ခြင်း (ယာကုပ် ၁း၁)



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသလို "ယာကုပ်" ဟု အမည်ရသော လူတစ်ယောက်ကို စာရေးသူအဖြစ် စာစောင်က ရှင်းလင်းစွာ ဖော်ပြထားသည်။ သို့သော် အဆိုပါ လူပုဂ္ဂိုလ် မည်သူမည်ဝါ ဆိုသည်ကို ယင်းနှုတ်ဆက်ခြင်းက တိတိကျကျ မဖြေရှင်းထားပါ။ ဓမ္မသစ် လူပုဂ္ဂိုလ်တို့တွင် ယာကုပ်အမည်တွင်သူသည် ယေရှု၏ တပည့်တော် တစ်ဆယ့်နှစ်ပါးထဲမှ နှစ်ဦး အပါအဝင် စုစုပေါင်း ငါးဦး ရှိသည်။ အဆိုပါ ငါးဦးထဲက နှစ်ဦးသာလျှင် ယင်းကဲ့သို့သော စာစောင်မျိုးကို ကနဦးအသင်းတော် ကာလ၌ ရေးနိုင်ရန် လုံလောက်သည့် အခွင့်အာဏာ ရှိခဲ့ပါလိမ့်မည်။

ထိုအထဲမှ ပထမပုဂ္ဂိုလ်မှာ ဇေဗေဒဲ၏ သား၊ ယောဟန်၏ အကိုဖြစ်သူ ယာကုပ် ဖြစ်သည်။ သို့သော် တမန်တော် ၁၂း၂ အရ အေဒီ ၄၄ ဝန်းကျင် တွင် အဆိုပါယာကုပ်သည် ဟေရုဒ် အဂြိပ္ပလက်ထက်၌ မာတုရအဖြစ် အသတ်ခံခဲ့ရသည်။ နောင်တွင် ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သလို ဟေရုဒ် အနိစ္စရောက်ပြီးသည့် နောက်ပိုင်းတွင်မှ ယာကုပ်ဩဝါဒစာကို ရေးကြောင်း ယုံလောက်သည့် အထောက်အထားများ ရှိနေကြသည်။ ထို့ကြောင့် ဇေဗေဒဲ၏ သား ယာကုပ်က ရေးခဲ့သည် ဆိုသည်မှာ ဖြစ်နိုင်ခြေ မရှိသလောက်ပင် ဖြစ်သည်။ ဒုတိယ ယာကုပ်မှာ ယေရှု၏ ညီငယ် ဖြစ်သည်။ သူသည် ယေရုရှလင်ရှိ ကနဦးအသင်းတော်၏ ခေါင်းဆောင်လည်း ဖြစ်ခဲ့သည်။ ဤယာကုပ်သည် ယခုဆိုခဲ့သမျှအထဲ ထိုနှစ်ဦးထဲ၌ ပိုမိုထင်ရှား ပေါ်လွင်သူဖြစ်ပြီး ဩဝါဒစာရေးသူအဖြစ် ရာစုနှစ်များစွာတလျှောက် ဓမ္မပညာရှင်အများစု မှတ်ယူခြင်းခံရသူလည်း ဖြစ်သည်။

ယေရှု၏ ညီတော် ဖြစ်သည့် ယာကုပ်က ဤစာစောင်ကို ရေးခဲ့ကြောင်း အစဉ်အလာ အမြင်အပေါ် အားပေးထောက်ခံမှု အမြောက်အများ ရှိနေသည်။ ကန့်ကွက်ချက်မှာမူ အနည်းငယ် ရှိသည်။ ဤအမြင်ကို ထောက်ခံသည့် အမြင်နှင့် အစပြုကြပါစို့။

**အားပေးထောက်ခံမှု** ပထမအနေဖြင့် ၁း၁ တွင် စာရေးသူက သူသည် "ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ ကျွန်" ဖြစ်သည် ဆိုသည် မှလွဲ၍ အခြားမည်သည့် အရည်အချင်း သတ်မှတ်ချက်ကိုမျှ မပေးခဲ့ပါ။ သူ့နာမည် တစ်ခုတည်းကို အသိအမှတ်ပြုရုံဖြင့် လုံလောက်သော အခွင့်အာဏာရှိမည့်အကြောင်း ရိုးရိုးရှင်းရှင်း သူ မှတ်ယူထားခဲ့သည်။ ထို့ပြင် ဤအခွင့်အာဏာအရ သူ့စာတွင် တင်းကြပ်သော အမိန့်ပညတ်များ တစ်ခုနောက် တစ်ခု ပါဝင်နေသည်။ ဤအဖွင့် နှုတ်ဆက်ခြင်းသည်လည်း စာရေးသူသည် ယေရှု၏ ညီတော် ဆိုသည့်အချက်ကို ပိုမိုခိုင်မာစေသည်။ အကြောင်းမှာ ယေရုရှလင်ရှိ ကနဦးအသင်းတော်၌ သူ၏ အဆင့်ဂုဏ်ရည် ရှိနေ၍ ဖြစ်သည်။

> တမန်တော်များ အသင်းတော်ကာလက မည်သူ၌ အခွင့်အာဏာ ရှိသည် ဆိုသည်မှာ အလွန်ပင် လေးနက်အရေးပါလှသည်။ ယေရှုခရစ်တော်၏ နောက်လိုက်များ ပါဝင်သည့် လူ့အဖွဲ့အစည်းသစ်ကို သွန်သင်ရန်နှင့် ဦးဆောင်ဦးရွက်ပြုရန် မည်သူ့တွင် အခွင့်အာဏာ ရှိပါသနည်း။ ဖြန့်ဝေသည့် စာအရေးအသား အမျိုးမျိုး ရှိခဲ့ကြပြီး အခွင့်အာဏာရှိကြောင်း ပြောဆိုချက်များ လည်း အမျိုးမျိုး ရှိခဲ့ကြသည်။ ထွက်ပေါ်လာသည့် ထူးခြား အရေးပါဆုံး စံသတ်မှတ်ချက် တစ်ခုမှာ ယေရှု၏ အမှုတော်ကို ကိုယ်တိုင်မျက်မြင်တွေ့ခဲ့ဖူးသူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဟုတ်မဟုတ် ဆိုသည့်အချက် ဖြစ်သည်။ ယေရှု၏ အမှုတော်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သူများ၊ သခင်ကိုယ်တိုင်နှင့် အတူ အချိန်ကို ဖြတ်သန်းခဲ့သူများသည် ကနဦး အသင်းတော်၌ သွန်သင်ရန် အခွင့်အာဏာရှိသူများအဖြစ် ဖြောင့်မှန်စွာ တောင်းဆိုပိုင်ခွင့်ရှိသူများဟု သတ်မှတ်ခံကြရသည်။ ယခုတွင် ယေရှု၏ညီတော် ယာကုပ်သည် ကိုယ်တော်၏ အမှုတော်ကို မျက်မြင်ကိုယ်တွေ့ကြုံခဲ့သူ ဖြစ်သည်မှာ မှန်ပါသည်။ ထို့ထက်မက ကိုယ်တော်၏ သက်တော်စဉ်တစ်ခုလုံးကိုပင် မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။ ထိုအချက်သည် ကနဦးအသင်းတော်အတွင်း ယာကုပ်ဩဝါဒစာ၏ သွန်သင်ချက်တို့နှင့် ယာကုပ်ဩဝါဒစာတို့ကို ဩဇာအရှိန်အဝါ အပ်နှင်းပေးရာ၌ ထူးခြားလေးနက်သော ကဏ္ဍမှ ပါဝင်ခဲ့သည်။
>
> **— Rev. Dr. Michael Walker**

ဒုတိယအားဖြင့် ကနဦး အသင်းတော်၏ သက်သေခံချက်ကလည်း ဤစာကို မည်သူရေးသည်ဆိုသည်နှင့် စပ်လျဉ်းပြီး အတည်ပြုချက် ပေးသည်။ အေဒီ ၉၆ ဝန်းကျင်တွင် ရေးခဲ့သည့် *ကလေ်မင့်ဩဝါဒစာ ပထမစောင်* နှင့် အေဒီ ၁၄၀ ဝန်းကျင်တွင် ရေးခဲ့သည့် *ဟားမားစ်၏ သိုးထိန်း* စာစောင် နှစ်ခုလုံးတွင် ရှင်ယာကုပ်ဩဝါဒစာကို ရည်ညွှန်းကိုးကားခြင်း သို့မဟုတ် ပြန်လည်ဖော်ပြခြင်းများ ရှိနေသည်။ ထို့အပြင် အေဒီ ၂၅၄ တွင် အနိစ္စရောက်ခဲ့သော အိုရီဂင် သည်လည်း သူ၏ ရောမဩဝါဒစာ အနက်ဖွင့်ကျမ်းတွင် ရှင်ယာကုပ်ဩဝါဒစာကို အကြိမ်ကြိမ် ပြန်လည် ဖော်ပြခဲ့သည်။ ရှင်ယာကုပ်ဩဝါဒစာကို အိုရီဂင်၏ အသုံးပြုချက်သည် သီးသန့် ထူးခြားအရေးပါသည်။ အကြောင်းမှာ အတွဲ ၄၊ အခန်း ၈ တွင် အိုရီဂင်က ရှင်ယာကုပ် ဩဝါဒရေးသူကို "သခင်ဘုရား၏ ညီတော် အဖြစ်" ဖော်ပြထားခဲ့၍ ဖြစ်သည်။ အရှေ့တိုင်း အသင်းတော်သည်၎င်း၊ ထို့နောက်တွင် အနောက်တိုင်း အသင်းတော်သည်၎င်း ဤစာစောင်သည် ယေရှု၏ ညီတော် ရေးခဲ့သော အရေးအသားအဖြစ် လက်ခံထားခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့ သိကြသည်။

ယခုတွင် ယေရှု၏ ညီတော် ရေးခဲ့သည် ဆိုသည့် အစဉ်အလာအမြင်ကို ဤမျှ အခိုင်အမာထောက်ခံချက် ရှိလင့်ကစား ကန့်ကွက်ချက် အချို့လည်း ရှိနေပါသည်။

**ကန့်ကွက်ချက်များ** ဝေဖန်သုံးသပ်သော အနက်ဖွင့်သမားတို့က နောက်ထပ် ရွေးစရာ အနည်းဆုံး နှစ်ခုကို အကြံပြုထားကြသည်။ ကနဦး အသင်းတော်အတွင်း အများမသိကြသည့် နောက်ထပ် ယာကုပ် တစ်ဦးဦးကို အချို့က ရှာထားကြသည်။ သူတို့က ဤစာ ရေးသူသည် ယာကုပ် ဟု မှည့်ထားသူ အမှန် ဖြစ်သော်ငြား ဇေဗေဒဲ၏ သားမဟုတ်သလို ယေရှု၏ ညီလည်း မဟုတ်ဟု ဆိုကြသည်။ နုနယ်ငယ်ရွယ်သည့် အသင်းတော်၏ မည်သည့် အရေးအသားများထဲမှာမဆို ဖော်ပြရည်ညွှန်းခံထားရခြင်း မရှိသဖြင့် ထိုသူသည် မထင်မရှား ဆက်ရှိနေသည်။ သို့သော် ဤအဆို ဖြစ်နိုင်ဖွယ် မရှိပါ။ ကျွန်ုပ်တို့ သတိပြုမိခဲ့ကြပြီးဖြစ်သလို စာစောင်၏ အစ၌ စာရေးသူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မည်သူဖြစ်ကြောင်း ရိုးရိုးရှင်းရှင်း ဖော်ပြချက်က ထိုသူသည် အများသိသောသူဖြစ်ကြောင်း ညွှန်ပြနေသည်။ သူ့အကြောင်း နောက်ထပ် ဘာမျှမရေးတော့ဘဲ ထားလိုက်ခြင်းသည် အလွန်ပင် သံသယရှိဖွယ် ကောင်းလှသည်။

ဝေဖန် သုံးသပ်သော အနက်ဖွင့်သမားများ တင်ပြသည့် ဒုတိယ အဆိုမှာ ယာကုပ်မဟုတ်သော အခြားတစ်ယောက်က ယာကုပ်အမည်ခံကာ ရေးသားခဲ့ခြင်း ဖြစ်သည်။ အမည်ခံရေးသားခြင်းဆိုသည်မှာ စာရေးသူအမှန်ကို ဖော်ပြမည့်အစား အခြားတစ်ဦးဦး၏ အရေးအသားအဖြစ် သတ်မှတ်သည့် အလေ့ကို ရည်ညွှန်းသည်။ ပထမရာစုနှစ်ကာလက ရည်ရွယ်ချက် အမျိုးမျိုးအတွက် ဤအလေ့အထကို ယုဒလူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးခဲ့ကြသည်။ အမည်ခံရေးသားခြင်းအတွက် အပေါ်လွင်ဆုံး အကြောင်းပြချက်မှာ စာစောင် သို့မဟုတ် ပေးစာတွင် အရှိန်အဝါ (ဝါ) ဩဇာအာဏာ ရှိစေလို၍ ဖြစ်သည်။ ယာကုပ် ဩဝါဒစာစောင် အမှုအရာတွင် ဝေဖန် သုံးသပ်သော အနက်ဖွင့်သမားများက ယာကုပ် မဟုတ်သော အခြားသူတစ်ဦးက အသင်းတော်အတွင်း ပိုမိုကျယ်ပြန့်သော လက်ခံမှု ရရန်ရည်ရွယ်၍ ယာကုပ်အမည်ကို သုံးခဲ့ကြောင်း တင်ပြကြသည်။ ယခုတွင် ၂ သက် ၂း၂ ကဲ့သို့သော ကျမ်းပိုဒ်များအရ ဤအလေ့အထအား ပထမ ရာစုနှစ်အသင်းတော် အတွင်း လှည့်ဖြားမှုအဖြစ် ပြစ်တင်ဝေဖန်ထားသည်။ သို့သော် အဆိုပါ ကန့်ကွက်ချက်အတွက် ဝေဖန်သုံးသပ်သော အနက်ဖွင့်သမားတို့က အနည်းဆုံး ဖြေရှင်းချက် သုံးခု ပေးနေဆဲ ဖြစ်သည်။

ပထမအားဖြင့် စာရေးသူနှင့် ယေရှုတို့အကြား မည်သည့် ဆက်နွယ်မှု ဆိုင်ရာကိုမျှ ဖော်ပြထားခြင်း မရှိဟု သူတို့ ဆိုကြသည်။ ယေရှု၏ ညီတော်ကိုယ်တိုင် အသင်းတော်များသို့ လိပ်မူ ရေးပါလျက် သူမည်သူဖြစ်သည်ကို ဖော်ပြရာတွင် ဤမိသားစုဆိုင်ရာ သံယောဇဉ်ကို မဖော်ပြဘဲ ထားခြင်းသည် အဓိပ္ပာယ်မရှိဟု သူတို့ ဆိုကြသည်။ သို့သော် ယုဒဩဝါဒစာကို ရေးသော ရှင်ယုဒသည်လည်း ယေရှု၏ ညီတော် တစ်ပါးပင် ဖြစ်ခဲ့သည်။ သူ၏ စာတွင်လည်း ယေရှုနှင့်သူ သွေးသားတော်စပ်သည့်အကြောင်းကို မည်သည့်အခါတွင်မျှ သူ ဖော်ပြခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ အမည်ခံ ရေးခြင်း ဖြစ်သည် ဟူသော အဆိုသည်လည်း မခိုင်လုံဟု ဆိုလျှင် လွန်အံ့မထင်ပါ။

ဒုတိယအားဖြင့် ဝေဖန် သုံးသပ်သော ပညာရှင်အချို့က စာရေးသူသည် ဟေလသ ယဉ်ကျေးမှုကို သိနားလည်မှု ရှိနေသည့်ပုံပေါက်ကြောင်း စာစောင်က သက်သေပေးနေကြောင်း၊ ယာကုပ်သည် ပါလက်စတိုင်းဒေသမှ ယုဒလူသာ ဖြစ်ကြောင်း၊ ထို့ကြောင့် အမည်ခံ ရေးခြင်းသာ ဖြစ်ကြောင်း မှတ်ယူကြပြန်သည်။ ယာကုပ်ဩဝါဒစာရေးသူ၌ ဟေလသ ယဉ်ကျေးမှုအကြောင်း သိနားလည်မှုအချို့ ရှိထားသည် ဆိုသည်မှာ မှန်ပါသည်။ ဥပမာအားဖြင့် ယာကုပ် ၃း၆ တွင် "ဘဝတစ်ခုလုံး" ဟူသည့် စကားစုကို သူသုံးခဲ့သည်။ ဤစကားစုမှာ ဟေလသ ဒဿနနှင့် ကိုးကွယ်ယုံကြည်မှုတွင် တွေ့မြင်နေကျ ဖြစ်သည်။ သို့သော် ယာကုပ် ဩဝါဒစာရေးချိန်က ပါလက်စတိုင်းရှိ ပညာတတ် ယုဒလူ များစွာ၌ ဟေလသ ဒဿနနှင့် ကိုးကွယ်မှုဆိုင်ရာ အသိတရား တစ်ခုမက ရှိနေခဲ့ကြသည်။

ထပ်၍ ဆိုရလျှင် ယာကုပ်၏ ဟေလသ အသုံးပြုပုံသည် ဓမ္မသစ် အခြားကဏ္ဍများတွင် တွေ့ရသည်ထက် ပိုခေတ်မီနေလင့်ကစား ဓမ္မသစ်တွင် ခေတ်အမီဆုံး ဖြစ်သည်ဟူ၍တော့ မည်သို့မျှ မဆိုနိုင်ပါ။ အမှန်တွင် ဩဝါဒစာသည် ထိုစဉ်ကာလက *လူမျိုးစု ခေါင်းဆောင် တဆယ့်နှစ်ပါး၏*



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

*သက်သေခံချက်များ* နှင့် အခြားသော ဟေလသစကားပြော ယုဒလူတို့၏ အရေးအသားများ ကဲ့သို့သော စာစောင်များနှင့် နှိုင်းလျှင် ရေးဟန်အရ အတော်ကလေး ဆင်တူမှု ရှိသည်။

အမည်ခံ ရေးသားခြင်း သီဝရီအတွက် တတိယ ထောက်ခံချက်မှာ တမန်တော် ဝတ္ထုနှင့် ဂလာတိ သြဝါဒစာများထဲက ယာကုပ်၏ ဓမ္မပညာပိုင်းဆိုင်ရာ ပုံရိပ်အချို့တို့သည် ယာကုပ်စာစောင်ထဲက အရာတို့နှင့် ကွဲလွဲနေသည် ဆိုသည့် အချက်ဖြစ်သည်။ ဤအမြင်အရ ယာကုပ်သြဝါဒစာထဲ ဖော်ပြထားသည့် အယူအဆ အချို့သည် အခြားသော ဓမ္မသစ်ကျမ်းထဲ ယာကုပ်ခံယူပါသည်ဆိုသည့် ဓမ္မပညာဆိုင်ရာ အမြင်တို့နှင့် မကိုက်မညီ ဖြစ်နေကြောင်း အဆိုပြုရာရောက်သည်။ ဥပမာအားဖြင့် ဝေဖန်သုံးသပ်သော အနက်ဖွင့်သမားတို့က တမန် ၂၁း၁၇-၂၅ နှင့် ဂလာတိ ၂း၁၂ တို့ကဲ့သို့သော ကျမ်းပိုဒ်များကို ညွှန်ပြကြပြီး အဆိုပါ ကျမ်းချက်များထဲတွင် ယာကုပ်သည် ပညတ်တရားနှင့် ပတ်သက်လျှင် ယုဒ-ခရစ်ယာန်တို့၏ အတော်ကလေး ရှေးရိုးစွဲ သည့် အမြင်ဘက်မှ ပြောဆိုပေးသည့် အနေအထား၌ ရှိပုံရကြောင်း ထိုသူတို့က ငြင်းချက် ထုတ်ကြသည်။ သို့သော် ယာကုပ် ၁း၂၅ နှင့် ၂း၁၂ တို့တွင် စာရေးသူသည် ပညတ်တရားအား "လွတ်ခြင်းတရားကို ပေးသောတရား" ဟု ခေါ်ဆိုခြင်းဖြင့် ပညတ်တရားနှင့် ပတ်သက်လျှင် လျော့ပေါ့သက်ညှာစွာ စဉ်းစားသည့် အမြင်ရှိပုံ ရနေသည်။

သို့သော် အဆိုပါ ကွဲလွဲချက်များသည် ဝေဖန်သုံးသပ်သော ပညာရှင်များ နားလည်နေစေလိုသည့် အတိုင်းအတာအထိ ကြီးကျယ်လှသည့် အရာများ မဟုတ်ကြပေ။ အနီးကပ် ခြုံငုံကြည့်ပါက တမန်တော်နှင့် ဂလာတိ ကျမ်းချက်များထဲ ဖော်ပြထားသည်တို့မှာ အစွန်းရောက် ယုဒ-ခရစ်ယာန် ရှုထောင့် အမြင်တစ်ခုကို ဖော်ကျူးရာ မရောက်ပါ။ တမန်တော်နှင့် ဂလာတိ တို့ထဲက ပညတ်တရားနှင့် ပတ်သက်သော ယာကုပ်၏ ရှုထောင့်အမြင်သည် အမှန်အားဖြင့် ယာကုပ်သြဝါဒစာထဲက ဓမ္မပညာနှင့် အလွန်ပင် လိုက်ဖက် ညီညွတ်မှု ရှိနေပေသည်။

ကျွန်ုပ်တို့ တွေ့နိုင်သလိုပင် စာစောင်ကို ရေးသူသည် ယေရှု၏ ညီတော် ယာကုပ် မဟုတ်ကြောင်း ငြင်းဆိုချက်တို့မှာ ယေဘူယျအားဖြင့် မခိုင်လုံဟု ဆိုလျှင် မှားအံ့မထင်ပါ။ ယာကုပ်ရေးကြောင်း ထောက်ခံနေသည့် တင်ပြချက်တို့က သာလျှင် ပို၍ ယုံကြည်ဖွယ်ရာ ဖြစ်နေသည်။ ဤအကြောင်းကြောင့်ပင် ဧဝံဂေလိ ယုံကြည်သူ ပညာရှင် အများစုက ယေရှု၏ ညီတော် ယာကုပ် သာလျှင် ထိုအမည်ကို ဆောင်ယူသော သြဝါဒစာ၏ ရေးသူ ဖြစ်ကြောင်း မှန်ကန်စွာ အခိုင်အမာ ပြောဆိုကြသည်။

အစဉ်အလာ ရှုမြင်ချက်ကို လေ့လာခြင်းဖြင့် ရှင်ယာကုပ်သြဝါဒစာ ရေးသူအကြောင်းကို ကျွန်ုပ်တို့ လေ့လာကြပြီး ဖြစ်ပါသည်။ ယခုတွင် ယာကုပ်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သမိုင်းကို ပို၍ နီးနီးကပ်ကပ် လေ့လာကြပါစို့။

## ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း

မဿဲ ၁၃း၅၅ က ယာကုပ်အား မာရိ၏ သားတစ်ဦးအဖြစ်ငင်း၊ ယေရှု၏ ဝမ်းကွဲ ညီတစ်ဦးအဖြစ်ငင်း ဖော်ပြထားသည်။ ဤမိသားစု ဆက်နွယ်မှုက ခရစ်ဝင်ကျမ်းများထဲ မှတ်တမ်းတင်ထားသော ယေရှု၏ သွန်သင်ချက်များနှင့် ယာကုပ် သြဝါဒစာတို့အကြား တူညီမှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အများအပြား ရှိနေရသည့် အကြောင်းရင်းကို ရှင်းပြနေသည်။ သို့သော် ယာကုပ်နှင့် သူ၏ အခြား ညီအစ်ကိုများ ကြီးပြင်းလာခဲ့စဉ်က သူတို့၏ အကို အကြီးဆုံး ဖြစ်သူ မည်သူဖြစ်သည်ကို အမှန်စင်စစ် သူတို့မသိမှတ်ခဲ့ကြောင်း ကျမ်းစာက ရှင်းရှင်း ဖော်ပြထားသည်။ ယောဟန် ၇း၅ က ကျွန်ုပ်တို့အား

> (ယေရှု၏) ညီအစ်ကိုများ ပင်လျှင် ကိုယ်တော်အား မယုံကြည်ကြ ဟု ကျွန်ုပ်တို့ကို ပြောပြသည် (ယော ၇း၅)။

သို့သော် ကိုယ်တော့် သက်တော်စဉ်အတွင်း အချိန်ကာလ တစ်ခုရောက်သည့်အခါ ယာကုပ်သည် ယေရှုအား သူ၏ အရှင်သခင် အဖြစ် ကယ်တင်ခြင်းနှင့်ယှဉ်သော ယုံကြည်ခြင်း ရှိလာခဲ့သည်။ အမှန်စင်စစ် ကနဦး အသင်းတော်၌ ယာကုပ်သည် ဤမျှ ပေါ်လွင်ထင်ရှားသော အဆင့်အနေအထားသို့ ရောက်လာရကား ပေါလုကပင်လျှင် သူ့အား ဂလာတိ ၂း၉ တွင် အသင်းတော်၏ "အမှီတကဲ" ဟု ခေါ်ဆိုထားခဲ့သည်။ ထပ်၍ ဆိုရလျှင် ၁ကော ၁၅း၇ အရ ယေရှုသည် ရှင်ပြန်ထမြောက်ပြီးသည့်နောက် ယာကုပ်သို့ ထင်ရှားပြသခဲ့ကြောင်း ကျွန်ုပ်တို့ သိကြသည်။

ဓမ္မသစ်၌ ယာကုပ်သည် အခွင့်အာဏာ ရှိသော ရာထူးတာဝန်ကို ယူထားကြောင်း အထောက်အထား အခိုင်အမာ ရှိနေသည်။ ဥပမာအားဖြင့် ဆိုရလျှင် ယာကုပ်အား ယေရှုရှုလင် အသင်းတော်၏ ခေါင်းဆောင်အဖြစ် တမန်တော် ဝထ္ထုထဲတွင် သုံးကြိမ်တိုင်အောင် တွေ့ရသည်။ တမန်တော် အခန်းကြီး ၁၅ တွင်လည်း တမန်တော်များ ကောင်စီ၏ ပြောရေးဆိုခွင့် ရှိသူအဖြစ် ကျွန်ုပ်တို့ သူ့အား မြင်တွေ့ရသည်။ မယုံကြည်သူများကပင်လျှင် အသင်းတော်အတွင်း ယာကုပ်၏ အရေးပါပုံကို ဝန်ခံသိမှတ်ထားခဲ့ကြသည်။ အေဒီ ၆၂ ခုနှစ်တွင် ယာကုပ် ရက်စက်ပြင်းထန်စွာ အသတ်ခံရကြောင်း အထင်ရှားဆုံး ဖြစ်စဉ်တစ်ခုကို ယုဒ သမိုင်းဆရာ ဂျိုးဆီးဖပ်စ် ထံမှ သိရသည်။ အေဒီ ၉၃ ၌ ရေးသားသော *ရှေးခေတ်များ စာစောင်* အမှတ် ၂၀၊ အခန်းကြီး ၉၊ ကဏ္ဍ ၁ တွင် ယာကုပ်အနိစ္စရောက်ခြင်းကို ဝန်းရံနေသော အခြေအနေများအား ဂျိုးဆီးဖပ်စ် က ဤသို့ ဖော်ပြထားသည်။

> (အာနာနပ်စ်) က လွှတ်တော် တရားသူကြီးတို့ကို ခေါ်ယူစည်းဝေးပြီးနောက် သူတို့ရှေ့သို့ ခရစ်ဟု ခေါ်ဝေါ်သော ယေရှု၏ ညီတော်ဖြစ်သော ယာကုပ်ဟူ၍ အမည်ရသူနှင့် အခြားသူအချို့ကို ခေါ်သွင်းခဲ့သည်။ ထို့နောက် သူတို့အား ပညတ်တော်ကို လွန်ကျူးသည်ဟု စွပ်စွဲကြပြီးသည့်နောက် ကျောက်ခဲဖြင့် ပေါက်သတ်စေရန် အပ်ခဲ့သည်။

ကြီးပြင်းလာစဉ်အတွင်း သူ၏ အကိုကြီး မည်သူ မည်ဝါ ဆိုသည်ကို ယာကုပ် အမှန်အကန် နားမလည်နိုင်ခဲ့တာ ဖြစ်ပါမည်။ သို့သော် ဂျိုးဆီးဖပ်စ်၏ မှတ်တမ်းအပါအဝင် ကျမ်းစာနှင့် အခြားသော သမိုင်းမှတ်တမ်းများအရ သူ၏ လူကြီးဘဝ နှောင်းပိုင်းကာလအတွင်း ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း မယိမ်းယိုင်သည့် ဆက်ကပ်အပ်နှံမှုမျိုး ယာကုပ်တွင် ရှိခဲ့သည်။ *အသင်းတော်*

*ဆိုင်ရာ သမိုင်းကြောင်း* စာစောင် အမှတ် ၂၊ အခန်းကြီး ၂၃ တွင် ယူဆီးဘီးယပ်စ်က ကနဦး အသင်းတော်ကာလ သမိုင်းဆရာ ဟက်ဂျီးဆစ်ပပ်စ် ကို ကိုးကားလျက်

> (ယာကုပ်) သည် ယုဒလူများနှင့် ဟေလသလူတို့ထံ ယေရှုသည် ခရစ်တော်ဖြစ်ကြောင်း အစစ်အမှန် သက်သေခံသူ တစ်ဦး ဖြစ်လာခဲ့ကြောင်း ရေးသားခဲ့သည်။

ယခုတွင် စာရေးသူ မည်သူ ဖြစ်သည်ဆိုသည်ကို ဝန်းရံနေသော အမှုအရေး အချို့ကို လေ့လာ၍ ယာကုပ် ဩဝါဒစာ၏ နောက်ခံသမိုင်းအား ကျွန်ုပ်တို့ စဉ်းစားခဲ့ပြီး ဖြစ်သောကြောင့် ဤစာစောင်၏ မူလပရိသတ်အကြောင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။

# မူလပရိသတ်

ဓမ္မပညာရှင်များစွာတို့သည် သမ္မာကျမ်းစာစောင်တစ်ခု၏ စာရေးသူအကြောင်းကို ဖြစ်နိုင်သလောက် အချိန်နှင့် ခွန်အား အများအပြား သုံးကာ လေ့လာလေ့ရှိကြသည်။ သို့သော် မူလစာဖတ်ပရိသတ် မည်သူဖြစ်သည်ကို ရှာဖွေရေးသည်လည်း အလားတူ အရေးကြီးသည်။ သမ္မာကျမ်းရေးသူတစ်ဦး ဘာပြောနေသည်ကို မှန်ကန်စွာ အနက်ဖွင့်လိုပါက စာရေးသူ၏ မူလ စာဖတ်ပရိသတ်မည်သူ ဖြစ်သည်၊ သမိုင်းကြောင်း၏ တိကျသော အချိန် အပိုင်းအခြားတစ်ခုအတွင်း သူတို့ဘာတွေ ရင်ဆိုင်တွေ့ကြုံနေရသည် ဆိုသည်တို့ကို သိရခြင်းသည် ကျွန်ုပ်တို့အား အထောက်အကူ ဖြစ်စေသည်။ စာစောပိုင်းက ယာကုပ် ၁း၁၌ ကျွန်ုပ်တို့ တွေ့ခဲ့သလိုပင် ယာကုပ်သည် သူ၏ ပရိသတ်တို့အား

> အရပ်ရပ်တို့၌ ကွဲပြားသော တဆယ့်နှစ်ပါးသော အမျိုးတို့ကို ကြားလိုက်ပါ၏ ဟု ဆိုထားသည် (ယာကုပ် ၁း၁)။

ဤအရာသည် ဣသရေလ တိုင်းပြင်ပတွင် နေထိုင်ခဲ့သည့် ယုဒလူမျိုးများကို ရည်ညွှန်းပုံ ရသည်။ တဖန် ၂း၁ တွင်လည်း သူ့ပရိသတ်ကို ယာကုပ်က

> ဘုန်းကြီးသော ငါတို့ သခင်ယေရှုခရစ်ကို ယုံကြည်သူများဟု ခေါ်ဝေါ်ထားသည် (ယာကုပ် ၂း၁)။

ခြုံငုံကြည့်လျှင် အဆိုပါကျမ်းချက်များက ယာကုပ်၏ မူလစာဖတ် ပရိသတ်တို့အား ပါလက်စတိုင်းဒေသ ပြင်ပတွင်နေထိုင်ခဲ့သည့် ယုဒ ခရစ်ယာန်များဖြင့် အဓိက ပေါင်းစပ်ဖွဲ့စည်းထားကြောင်း ပြညွှန်နေသည်။

သူ့စာစောင်အတွင်း အခြေအနေအချိန်အခါ အတော်များများ၌ သူ့ပရိသတ်အား ယာကုပ်က "ညီအစ်ကိုတို့" ဟူ၍ ချစ်ခင်လေးစားစွာ ခေါ်ဆိုထားခဲ့သည်။ သို့သော် ယေရုရှလင်တွင် နေထိုင်သော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယာကုပ်သည် ဤပုံစံမျိုးဖြင့် ကောင်းစွာ မိတ်ဆက် စကားဆိုနိုင်လောက်အောင် သူ့ပရိသတ်အား မည်သို့ သိကျွမ်းခဲ့ပါမည်နည်း။ တမန်တော် ၈း၁-၄ တွင် ကျွန်ုပ်တို့ သင်ယူရသလို သတေဖန် မာတုရအဖြစ် အသတ်ခံရပြီးနောက် ဖြစ်လာသည့် ညှင်းပန်းနှိပ်စက်မှုလှိုင်းဂယက် အတွင်း ယေရုရှလင် အသင်းသားများသည် ယုဒပြည်နှင့် ရှမာရိ နယ်တလွှား ကွဲလွင့် သွားခဲ့ကြသည်။ သို့ဖြစ်လျှင် ယေရုရှလင်အသင်းတော်၏ ခေါင်းဆောင်တစ်ဦးအနေဖြင့် အဆိုပါ ကွဲလွင့်သွားသော "လူမျိုးနွယ် တစ်ဆယ့်နှစ်မျိုး" တို့ကို ယာကုပ် ဦးတည်ရေးခဲ့သည်မှာ ဖြစ်နိုင်ပါသည်။ သို့သော်လည်း အဆိုပါ ယုံကြည်သူများကို တိတိကျကျ လိပ်မူရေးသားခဲ့ခြင်း မဟုတ်သည့်တိုင် ယာကုပ်၏ ပရိသတ်သည်လည်း အလားတူ အခြေအနေများအတွင်း ဖြတ်သန်းနေကြသူ ယုဒ ခရစ်ယာန်တို့ အပါအဝင် ဖြစ်ပုံရသည်။

ယာကုပ် အသုံးပြုသော ဝေါဟာရ စကားလုံးတို့ကလည်း သူ့မူလ ပရိသတ်တို့သည် ယေရှု၏ နောက်လိုက် ယုဒလူတို့ဖြစ်ကြောင်း ထောက်ကူနေကြသည်။ ဥပမာအားဖြင့် ၂း၂ တွင် ယာကုပ်သည် ဟေလသလို (*ဆူနာဂိုဂေး*) ဟု ခေါ်သည့် "တရားဇရပ်" ဟူသည့် ဝေါဟာရအား သူ့ပရိသတ် စည်းဝေးပွဲများကို ဖော်ပြရန် ရွေးချယ် အသုံးပြုခဲ့သည်။ ဤအသုံးအနှုန်းသည် ယုဒလူတို့၏ စည်းဝေးခြင်းများကို ရည်ညွှန်းဖော်ပြရာတွင် ပုံမှန် သုံးနည်းတစ်ခု ဖြစ်သည်။ ထို့ပြင် ၅း၄ တွင်လည်း "တန်ခိုးကြီးသော ဘုရားသခင်" (*ကူရီယူး ဆာဘာအို့သ်*) *kurios sabaoth* ဟူသော စကားစုကို ယာကုပ် သုံးစွဲခဲ့သည်။ အဆိုပါ စကားစုသည် ဣသရေလတို့၏ ဘုရားသခင်ကို ဓမ္မဟောင်းတွင် ခေါ်ဆိုလေ့ရှိသည့် အမည် *ရာဝေး ဆာဘာ အို့တ်* (*Yahweh tsaba ōt*) ဟူသော စကားရပ်မှ လာသည်။ အဆိုပါ ဘာသာစကားမျိုးသည် ယုဒမျိုးနွယ်မှ ဆင်းသက်သည့် ပရိသတ်များအတွက်သာ ပိုအဓိပ္ပာယ်ရှိသည်။

> ယာကုပ် ပရိသတ်တို့၏ နောက်ခံသမိုင်းကို သိနားလည်ခြင်းသည် အလွန်အမင်း အရေးကြီးလှသည်။ အကြောင်းရင်းမှာ သူ့ပရိသတ်ကို နားလည်အောင် သူကြိုးစား ရှင်းပြနေသော သတင်းစကားကို ကျွန်ုပ်တို့ မည်သို့နားလည်သည်နှင့် စပ်လျဉ်းသော ခရီးလမ်းကြောင်းကို ၎င်းက ကူညီချမှတ်ပေးသည်။ ယုဒ လူ့အဖွဲ့အစည်း ဖြစ်သည့် ယာကုပ်၏ ပရိသတ်သည် မောရှေ၏ ပညတ်တရားဆိုင်ရာ အစဉ်အလာသမိုင်းရှည်ကြီး ကိုသော်၎င်း၊ ပရောဖက်တို့နှင့် အရေးအသားတို့၏ သတင်းစကားကိုသော်၎င်း လက်ခံရရှိခဲ့သူများ ဖြစ်ကြသည်။ ဉာဏ်ပညာနှင့် ပြည့်စုံသော ဘဝ ဖြစ်သည့် ယုံကြည်ခြင်း အသက်တာ အကြောင်းကို ထိုသူတို့အား သူပြောဆိုရာ၌ အဆိုပါ ကြွယ်ဝသော အစဉ်အလာအပေါ် ယာကုပ် မှီခိုထားသည်။ ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအရ သူတို့၏ အသက်တာများ၌ သူတို့ မည်သို့ လက်တွေ့ အသုံးပြုသင့်ကြောင်း သူတို့ နားလည်ဖို့ လိုအပ်သည်။
>
> **ဒေါက်တာ Scott Redd**

ဂျူးခရစ်ယာန်များသို့ ယာကုပ်ရေးခဲ့ကြောင်း ကျွန်ုပ်တို့ ယခု ပြောဆိုသည့်အခါ ယာကုပ်၏ ပရိသတ်တို့တွင် တစ်ပါး အမျိုးသား ခရစ်ယာန်များ မပါဝင်ဟု ကျွန်ုပ်တို့ ဆိုလိုခြင်း မဟုတ်ပါ။ တမန်တော် အခန်းကြီး ၈ လောက် စောစီးသည့် အချိန်ကတည်းကပင် အဲသယောပိလူတစ်ဦး ပြောင်းလဲလာခဲ့ကြောင်း ကျွန်ုပ်တို့ သိရသည်။ ထို့ပြင် တမန်တော် အခန်းကြီး ၁၀ တွင် ကျွန်ုပ်တို့ လေ့လာရသည့်အတိုင်း ဘုရားကို ကြည်ညိုသည့် တရားဇရပ်တက် တစ်ပါးအမျိုးသား များစွာရှိခဲ့ကြသည်။ သို့ဖြစ်၍ အဆိုပါ အသင်းတော်များ၌ အနည်းဆုံး တစ်ပါးအမျိုး ခရစ်ယာန် ယုံကြည်သူ အချို့ကိုတွေ့ရခြင်းသည် အံ့ဩဖွယ် မဟုတ်ပါ။ သို့တိုင်အောင် ရောမ ၉း၈ အရ တစ်ပါးအမျိုး ယုံကြည်သူတို့အား "အာဗြဟံ"၏ အမျိုးအနွယ်အဖြစ် မှတ်ယူခဲ့ကြသည်။ ဇာတိအသွေးအသားအားဖြင့် ဂျူးမျိုးနွယ် ဖြစ်လာသူ ဣသရေလ အနွယ် တစ်ဆယ့်နှစ်မျိုးနှင့် များစွာ အလားတူ သူတို့ကို အမွန်မြတ်ဆုံး မှတ်ယူထားခဲ့ကြသည်။

ယာကုပ်ဩဝါဒစာ ရေးသူနှင့် စာစောင်၏ မူလ ပရိသတ်တို့အကြောင်း စဉ်းစားခြင်းဖြင့် ယာကုပ်ဩဝါဒစာ၏ နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်ပါသည်။ ယခုတွင် ရေးသားသည့် အချိန်အခါကို လေ့လာဖော်ထုတ်ရန် ကျွန်ုပ်တို့ အသင့်ရှိနေကြပြီ ဖြစ်သည်။

## အချိန်အခါ

ယာကုပ်ဩဝါဒစာစောင် ရေးသားသည့် အချိန်အခါနှင့် စပ်လျဉ်း၍ အဆင့် သုံးဆင့်ခွဲကာ ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ စာရေးသူနှင့် ပရိသတ် နှစ်ဦးလုံး၏ တည်နေရာကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ဒုတိယအားဖြင့် ရေးသားပြုစုချိန်ကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ တတိယအားဖြင့် ယာကုပ်ဩဝါဒစာ ရေးသားရသည့် ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ တွေးခေါ်ကြပါမည်။ စာစောင် ရေးသူနှင့် ပရိသတ် နှစ်ဖွဲ့လုံး၏ တည်နေရာကို လေ့လာခြင်းနှင့် အစပြုကြပါစို့။

### တည်နေရာ

စာရေးသူ၏ တည်နေရာကို ဆန်းစစ်သိနိုင်ရန် မခက်ခဲပါ။ ဓမ္မသစ်ကျမ်းနှင့် ကနဦးအသင်းတော် ဖခင်များ နှစ်ဖွဲ့လုံးက ယေရုရှလင်တွင် ယာကုပ် အမှုတော်ဆောင်ခဲ့ကြောင်း အကြံပြုထားကြသည်။ သို့ဖြစ်၍ အေဒီ ၆၂ တွင် မာတုရအဖြစ် အသတ်ခံရသည့်အချိန်ထိ ယေရုရှလင်တွင် သူရှိနေခဲ့သည်။ ထိုအချက်ကြောင့် အခြားမည်သည့်နေရာတစ်ခုခုမှ မဆို သူရေးသားခဲ့သည်ဟု ယူဆရန် ခိုင်လုံသည့် အကြောင်းပြချက် မရှိပါ။

မူလပရိသတ်တို့၏ တည်နေရာသည်လည်း ရှင်းရှင်းလင်းလင်း ဖြစ်နေသည့်ပုံရသည်။ ကျွန်ုပ်တို့ စာစောပိုင်းက ဖော်ပြခဲ့သလို စာစောင်ကို လက်ခံရရှိသူများသည် သတေဖန် ကွပ်မျက်ခံရပြီးနောက် ယုဒနှင့် ရှမာရိနယ်တလွှား ကွဲလွင့် ပျံ့ကျဲနေသည့် ဂျူး ခရစ်ယာန် အများစု ဖြစ်ဖို့ များသည်။ တမန်တော် ဝတ္ထု ၁၁း၁၉ အရ အဆိုပါ ကွဲလွင့်နေသော ယုံကြည်သူများသည် အသက်ဘေးလွတ်ရာကို ရှာဖွေရင်း ဖိနိတ်ပြည်၊ အန္တိအုတ် နှင့် ကုပရုကျွန်းများသို့တိုင်အောင် ခရီးသွားခဲ့ကြသည်။ အဆိုပါ တိကျသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နေရာများရှိ ယုံကြည်သူများထံ ယာကုပ်ရေးခဲ့ကြောင်း ကျွန်ုပ်တို့ အတည်မပြုနိုင်ပါ။ သို့တစေ "အရပ်ရပ်တို့၌ ကွဲပြားသော တစ်ဆယ့်နှစ်ပါးသော အမျိုးတို့" ဟူသော ယာကုပ်၏ ကနဦး နှုတ်ဆက်စကားကို အခြေပြုပါက အဆိုပါ တည်နေရာတို့သည် ယာကုပ်၏ မူလ ပရိသတ်တို့ နေထိုင်ရာဖြစ်နိုင်ချေ ရာနှုန်းများနေသည်။

> အဆိုပါမျိုးနွယ်တို့သည် အစစ်အမှန် ကွဲလွင့်နေသော မျိုးနွယ်များ ဖြစ်ကြောင်း ကျွန်ုပ်တို့ အမှန်ပင် ယူဆနိုင်ကြပါသည်။ ဆိုလိုသည်မှာ မာတုရအဖြစ် သတေဖန် အနိစ္စရောက်ပြီးနောက် ဖြစ်လာသည့် ညှင်းပန်းနှိပ်စက်မှုများကြောင့် ဖိုနီးရှား၊ ကုပရုနှင့် အန္တိအုတ်တို့သို့တိုင်အောင် ကွဲလွင့်သွားခဲ့ကြသည့် ယေရုရှလင် အသင်းသားတို့အား ယာကုပ်က မိမိအသင်းသားများ အဖြစ် ရေးသားခဲ့သည်မှာ အတော်ပင် ဖြစ်နိုင်ပါသည်။ အလွန်ပင် ဖြစ်နိုင်ခြေ ရှိသည်ဟုလည်း ကျွန်ုပ် ယူဆပါသည်။ ဤသို့ ကျွန်ုပ် ယူဆသည့် အကြောင်းရင်းမှာ အံ့ဩဖွယ်ကောင်းစွာပင် ကျွန်ုပ်တို့အား ဩဝါဒ သွန်သင်ချက်ပေးမှုမျိုး မရှိခြင်း သို့တည်းမဟုတ် ၊ ပြောင်ကျကျ ပေးခြင်းမျိုး မရှိသလောက် ဖြစ်နေခြင်းနှင့် သတင်းကောင်းကို မည်သို့ ဖွဲ့စည်းသည်ဆိုသည့် ပုံစံမျိုး သူပြောဆိုမှု မရှိခြင်း တို့ကြောင့်ပင် ဖြစ်သည်။ သူ မဖော်ပြသည့် အရာလည်း အနည်းအကျဉ်း ရှိသည်။ သင်းအုပ်ဆရာ တစ်ပါးအနေဖြင့် သူ့အစောပိုင်း အမှုတော်တို့၌ ထိုအရာများအား ပြောဆို သွန်သင်ခဲ့ပြီး ဖြစ်ဖွယ် ရှိပါသည်။ ယခုတွင်မူ သူကောင်းစွာ သိကျွမ်းသော ပရိသတ်အား သင်းအုပ်ဆရာတစ်ပါး ပြောဆိုမည့်ပုံစံအတိုင်း ပြောဆိုနေခြင်း ဖြစ်သည်။သို့ဖြစ်ပါက ၎င်းသည် ယာကုပ်အကြောင်း ကျွန်ုပ်တို့ နားလည်ပုံအပေါ်ကြီးကျယ်သည့် သက်ရောက်မှု ရှိစေသောကြောင့် အဆိုပါ ကွဲလွင့်နေသော ပရိသတ်၊ သူ၏ အမှုတော်အောက်၌ ရှိပြီးသား ပရိသတ်ကို ကျွန်ုပ်တို့ လေ့လာ၍ သူ့အားလည်း ထိုအတိုင်း တည်ဆောက်နေသူအဖြစ် ရှုမြင်နိုင်ကြပါသည်။
>
> **ဒေါက်တာ Michael Kennison**

ယာကုပ် ဩဝါဒစာစောင် အချိန်အခါ၏ ပထမ ရှုထောင့်ဖြစ်သည့် စာရေးသူနှင့် ပရိသတ်တို့၏ တည်နေရာတို့ကို စဉ်းစားရင်း ယခုတွင် စာစောင်ရေးသားပြုစုချိန်ကို စဉ်းစားအဖြေရှာကြပါစို့။

## ရက်စွဲ

ဤစာကို ရေးရာတွင် အစောဆုံး နှင့် နောက်အကျဆုံး ဖြစ်နိုင်သည့် ရက်စွဲကို ပြဋ္ဌာန်းရန်မှာ အတော်ပင် လွယ်ကူလှပါသည်။ ရှေးဦးစွာ စာစောင်ကို အစောဆုံး ရေးသားပြုစုချိန်သည် အေဒီ ၄၄ ခန့် ဖြစ်ဖွယ် ရှိသည်။ ယေရုရှလင် ကနဦး အသင်းတော်၏ ခေါင်းဆောင်တစ်ဦး အနေဖြင့် သူ၏ စာကို

ယာကုပ် ရေးခဲ့ကြောင်း ကျွန်ုပ်တို့ သိကြသည်။ ပေတရု အကျဉ်းထောင်မှ လွတ်မြောက်ချိန်လောက်တွင် ယာကုပ်သည် ယေရုရှလင် အသင်းတော်၏ ထင်ရှားအရေးပါသော ခေါင်းဆောင် ဖြစ်လာခဲ့ကြောင်း တမန်တော် ၁၂း၁၇ က ညွှန်ပြသည်။ တမန်တော် ၁၂း၁၉-၂၃ အရ ပေတရုသည် ဟေရုဒ်အဂြိပ္ပ မင်းကြီး အနိစ္စ ရောက်သည့် နှစ် အေဒီ ၄၄ တွင် ထောင်မှ လွတ်ခဲ့သည်။ ဤအချက်ကြောင့် ဤဩဝါဒစာကို ၎င်းအချိန် မတိုင်မီ အများကြီး စောပြီး မရေးခဲ့သည်မှာ ဖြစ်နိုင်ခြေ များပါသည်။

ဒုတိယအားဖြင့် ဩဝါဒစာကို နောက်အကျဆုံး ဖြစ်နိုင်သည့် ရေးသားချိန်သည် ယာကုပ် ကွပ်မျက်ခံရသည့် နှစ် အေဒီ ၆၂ ဖြစ်နိုင်သည်။ စောစောပိုင်း ကျွန်ုပ်တို့ တွေ့ခဲ့သလို ဂျိုဆီးဖပ်စ် ၏ အလိုအရ ယာကုပ်သည် ဤအချိန်ကာလ ရောက်ခါနီးတွင် ယဇ်ပုရောဟိတ် အာနာနူးစ် ၏ လက်ချက်ဖြင့် သေခဲ့ရသည်။ ဤအချက်သည် စာစောင် ရေးသားချိန်ကို တွေ့မြင်စေသည့် အတိုချုပ် မြင်ကွင်းကို ပေးနေသည်။

စာစောင် ကိုယ်တိုင်ကမူ ပိုပြီးတိကျအောင် ရက်စွဲသတ်မှတ်စေနိုင်မည့် တိကျသော သမိုင်းဝင်အဖြစ်အပျက်များကို ထည့်သွင်း ကိုးကားထားခြင်း မရှိပါ။ သို့သော် စာရေးချိန်သည် နောက်ပိုင်းကျမည့်အစား စောစီးသည်ဟု ယူဆစရာ အကြောင်းရင်း နှစ်ချက် ရှိနေပါသည်။

တစ်ချက်မှာ ကျွန်ုပ်တို့ ရှေ့တွင် ဖော်ပြခဲ့သလို ၂း၂ တွင် ယာကုပ်က သူ့ပရိသတ်တို့ စည်းဝေးရာကို ဖော်ပြရန် ဆူနာဂိုဂေး ခေါ် "တရားဇရပ်" ဝေါဟာရအား သုံးခဲ့သည်။

"တရားဇရပ်" အသုံးအနှုန်းသည် ခရစ်ယာန် လှုပ်ရှားမှု ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အစောပိုင်း အဆင့်ကို ညွှန်ပြရာ ရောက်သည်။ ယာကုပ်သည် တရားဇရပ်များထဲမှ ခရစ်ယာန်တို့ အဓမ္မ မောင်းထုတ်ခြင်း မခံခဲ့ရမီကာလအတွင်း စာစောင်ကို ရေးခဲ့ပုံ ရသည်။ သို့တည်းမဟုတ် အနည်းဆုံး ဆိုရလျှင် ခရစ်ယာန်တို့က သူတို့၏ ဝတ်ပြုစည်းဝေးခြင်းတို့အား "တရားဇရပ်" ဟု ခေါ်ဝေါ်သုံးနှုန်းနေဆဲ အချိန်ကာလအတွင်း သူ ရေးသားခဲ့သည်။

ထပ်၍ ဆိုရလျှင် ပေတရုနှင့် ပေါလုတို့၏ စာများအတွင်း အကြီးအကျယ် အာရုံစိုက်မှု ရရှိခဲ့သည့် ဂျူးနှင့် တစ်ပါး အမျိုးသားတို့ကြား အငြင်းပွားမှုများအား ယာကုပ်၏ စာတွင် မဖော်ပြထားပါ။

ကနဦး အသင်းတော်၌ တစ်ပါးအမျိုးသား အများအပြား ခရစ်တော်၌ ယုံကြည် သက်ဝင်လာသည်နှင့် အမျှ ဂျူးထုံးစံများကို အဆိုပါ လူသစ်တို့ လိုက်နာကျင့်သုံးရန်လိုမလို နှင့် စပ်လျဉ်းသည့် ပဋိပက္ခများလည်း ပေါ်ပေါက်လာခဲ့သည်။ အဆိုပါ ပဋိပက္ခများကို မကိုင်တွယ် မဖြေရှင်းဘဲထားဖို့ ယာကုပ်က တမင် ဆုံးဖြတ်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။ သို့သော် ၎င်းတို့သည် ယာကုပ် လိပ်မူရေးသားသော ပေါ်ပေါက်ခါစ အသင်းတော်တို့အတွင်း အဓိက အကြောင်းအချက် တစ်ခု ဖြစ်မလာခဲ့သေးသည်မှာ ပို၍ဖြစ်နိုင်ခြေ ရှိပါသည်။

စာစောင်၏ တည်နေရာနှင့် ရေးသားချိန်တို့အရ အချိန်အခါကို လေ့လာပြီးသည့်နောက် စာစောင်ကို မည်သည့် ရည်ရွယ်ချက်ဖြင့် ယာကုပ်ရေးခဲ့ကြောင်း လေ့လာဖော်ထုတ်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ရည်ရွယ်ချက်

ရှင်ယာကုပ်ဩဝါဒစာကို လွှမ်းမိုး ခြုံငုံနေသော ရည်ရွယ်ချက်ကို အကျဉ်းချုပ်ဖော်ပြရန် အထောက်အကူအဖြစ်ဆုံး နည်းလမ်းသည် ယာကုပ် ၁း၂-၄ ကို လေ့လာခြင်း ဖြစ်သည်။ သူ၏ အဖွင့် စကားများတွင် ယာကုပ်က သူ့ပရိသတ်တို့အား ပြောခဲ့သည်မှာ

> ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်
> သည်းခံခြင်းကို ပွားစေ တတ်သည်ဟုသိမှတ်လျက်၊
> အထူးထူးအပြားပြားစုံစမ်းနှောင့်ရှက်ခြင်းနှင့် တွေ့ကြုံသောအခါ၊
> ဝမ်းမြောက်စရာ အကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ သင်တို့သည်
> အလျင်းမချို့တဲ့ဘဲ စေ့စပ် စုံလင်မည့်အကြောင်း သည်းခံခြင်းစိတ်သည်
> အကုန်အစင် ပြုပြင်ပါစေ (ယာကုပ် ၁း၂-၄)

ဟူ၍ ဖြစ်သည်။

ဤကျမ်းပိုဒ်က ပြည့်ွန်သည့်အတိုင်း ယာကုပ်၏ ပရိသတ်သည် စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကို ကြုံနေခဲ့ရသည်။ သို့သော် သူတို့ စုံစမ်းနှောင့်ယှက်မှုများ ကြုံသည့်အခါ ဝမ်းမြောက်စရာ အကြောင်းသက်သက် အဖြစ် မှတ်ယူဖို့ ယာကုပ်က သူတို့အား တိုက်တွန်း ဖိတ်ခေါ် ခဲ့သည်။ စုံစမ်းနှောင့်ယှက်ခြင်းတို့သည် သည်းခံခြင်းကို ဖြစ်စေကြောင်း သူရှင်းပြခဲ့သည်။ သည်းခံသောသူတို့သည် "အလျင်းမချို့တဲ့ဘဲ စေ့စပ် စုံလင်" လာမည်ဖြစ်သည်။ သို့သော် ယာကုပ် သတင်းစကား၏ သော့ချက် အစစ်သည် နောက်ကျမ်းပိုဒ်တွင်မှ ရောက်လာသည်။ အခန်းငယ် ၅ တွင် ယာကုပ်က အဆိုပါ စကားများဖြင့် သူ၏ အဆိုကို အပြီးသတ်ခဲ့သည်။

> သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကို လိုလျှင်
> ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်
> ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရလိမ့်မည်။

နောက်ပိုင်း သင်ခန်းစာထဲတွင် အဆိုပါ ကျမ်းချက်များအကြောင်းကို ကျွန်ုပ်တို့ ပိုမိုအသေးစိတ်ကျကျ ဆွေးနွေးကြပါမည်။ ယခုအတွက်မှာမူ ဤကျမ်းချက်သည် စာစောင် တစ်ခုလုံး၏ ဗဟိုအချက်အချာကို တွေ့မြင်စေသည့် ပြတင်းတစ်ပေါက်ပင် ဖြစ်သည်။ စုံစမ်းနှောင့်ယှက်ခြင်းများအလယ်၌ ဝမ်းမြောက်ခြင်းစစ်ကို တွေ့ကြုံခံစားလိုပါက ဉာဏ်ပညာ ရရန် "ဘုရားသခင်ထံ တောင်းရမည်"။ "တောင်းလျှင် ရလိမ့်မည်" ဖြစ်သည်။ ၎င်းကို ထည့်စဉ်းစားရင်း ယာကုပ်ဩဝါဒစာ၏ အဓိက ရည်ရွယ်ချက်ကို ယခုလို အကျဉ်းချုပ်ဖော်ပြနိုင်ပါသည်။

> ယာကုပ်၏ ပရိသတ်တို့သည် သူတို့၏ စုံစမ်းနှောင့်ယှက်မှု
> ကြုံတွေ့ချိန်ခါများအတွင်း စစ်မှန်သော ဝမ်းမြောက်ခြင်း ခံစားနိုင်ရန်အတွက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုရားသခင်ပေးသော ဉာဏ်ပညာကို လိုက်စားရှာဖွေကြရန် ယာကုပ်က သူတို့အား ဖိတ်ခေါ် တိုက်တွန်းခဲ့သည်။

ဤသတင်းစကားကို ယာကုပ်၏ ပရိသတ်တို့ ကြားနာဖို့ အရေးကြီးခဲ့သည်။ စောစောပိုင်းက ကျွန်ုပ်တို့ ပြောခဲ့သလို ယာကုပ်၏ ပရိသတ်တို့သည် ပါလက်စတိုင်းပြည်ထဲတွင် ဆက်ပြီး ရှိမနေကြတော့ပေ။ သူတို့သည် သူတို့၏ မွေးရပ်မြေမှ ဝေးကွာသော အရပ်ရပ်တို့၌ ကွဲလွင့်ပြီး အသက်ရှင်နေခဲ့ကြသည်။ စုံစမ်းနှောင့်ယှက်မှုများအတွင်း ဝမ်းမြောက်ခြင်းကို ရှာတွေ့ဖို့ သူတို့အတွက် မလွယ်ကူသည်မှာ သံသယ မရှိပါ။ သူတို့အထဲမှ အချို့သည်လည်း ခရစ်တော်အပေါ် သစ္စာရှိမှုကို စွန့်ပစ်ခဲ့ပုံ ရသည်။ ခရစ်တော်အပေါ် သစ္စာရှိရမည့်အစား ယာကုပ် အဆို "လောကီ မိတ်သဟာယ" နောက်သို့ သူတို့ လိုက်နေခဲ့သည်။ အဆိုပါ စကားများကို ယာကုပ် ပြင်းပြင်းထန်ထန် သုံးနှုန်းထားရာ ယာကုပ် ၄း၄ ကို နားထောင်ကြည့်ပါ။

> မတရားသော မေထုန်၌ မှီဝဲသော ယောကျ်ား မိန်းမတို့၊ လောကီ မိတ်သဟာယသည် ဘုရားသခင်နှင့် ဆန့်ကျင်ဖက် ဖြစ်သည်ကို မသိသလော။ ဤလောကနှင့် မိတ်သဟာယဖွဲ့လိုသောသူသည် ဘုရားသခင်၏ ရန်သူ ဖြစ်၏ (ယာကုပ် ၄း၄)။

ယာကုပ်၏ ပရိသတ်အထဲမှ အချို့တို့သည် ယုံကြည်ခြင်းမှ လွဲမှား ယိမ်းယိုင်သွားခဲ့သည်မှာ ရှင်းနေသည်။ ထို့ကြောင့် ယာကုပ်က လောကီနှင့် မိတ်ဖွဲ့ခြင်းသည် "ဘုရားသခင်၏ ရန်သူ" ဘဝ သို့ ကျရောက်စေကြောင်း သတိပေးခဲ့သည်။

သို့ဆိုပါက အသင်းတော်ကို ဦးဆောင်သူတစ်ဦးအနေဖြင့် သူ၏ အခွင့်အာဏာကို ယာကုပ် အသုံးချခဲ့ခြင်းမှာ အံ့သြစရာ မဟုတ်တော့ပါ။ ယုံကြည်ခြင်းကို ရိုးသားစွာ ဝန်ခံထားသည်နှင့် ညီလျော်စွာ အထိုက်အလျောက် အသက်ရှင်ကြရန် သူ့ပရိသတ်ကို ယာကုပ်က အထပ်ထပ် ပညတ်ခဲ့သည်။ သူ့ကျမ်းချက် ၁၀၈ ချက်အတွင်း အမိန့်ပေးချက် သို့မဟုတ် တိုက်ရိုက်ပညတ်ချက် ၅၀ ကျော်ကို သူသုံးခဲ့သည်။ ထို့ပြင် သက်ဆိုင်ရာ အဆက်အစပ်များအတွင်း အမိန့်ပေးချက် သဘော သက်ရောက်သည့် သဒ္ဒါ အသုံးအနှုန်းတို့ကိုလည်း မကြာခဏ သူ သုံးစွဲခဲ့သည်။

သို့သော် သူ့ပရိသတ်တို့ ကြုံနေရသည့် ပြဿနာအတွက် ယာကုပ်၏ အဓိက အဖြေမှာ သူ့လူတို့အား ဤဟာလုပ်ပါ၊ ထိုဟာလုပ်ပါ ဟူ၍ ပညတ်ရုံ သက်သက်တော့ မဟုတ်ပါ။ သူ့အတွက် ပြဿနာ၏ အဓိက အရင်းအမြစ်သည် ဘုရားသခင့်ထံတော်မှ ဉာဏ်ပညာကို သူတို့တောင်းခံဖို့ လိုအပ်နေခြင်း ဖြစ်သည်။ ဘုရားသခင့် အထံတော်မှ ဉာဏ်ပညာသည် များစွာသော စုံစမ်းနှောင့်ယှက်ခြင်းများကို သူတို့ ဖြတ်သန်းရချိန်တွင် ဝမ်းမြောက်ခြင်းကို ရရှိစေသည့် သော့ချက်ပင် ဖြစ်သည်။ သူ့စာဖတ် ပရိသတ်တို့ကို သူပြောပြရာ ၄း၈-၁၀ ပါ အဆိုပါ အများသိ စကားလုံးတို့ကို နားထောင်ကြည့်ပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ .... ဘုရားသခင့် ရှေ့တော်၌ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချကြလော့။ သို့ပြုလျှင် သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည် (ယာကုပ် ၄း၈-၁၀)။

ယာကုပ်သည် ယုံကြည်သူတို့ကို ဘုရားသခင် ချီးမြှောက်မည့်အကြောင်း ၎င်းတို့ကိုယ် ၎င်းတို့ နှိမ့်ချကြရန် လမ်းညွှန်ခဲ့သည်။ ဉာဏ်ပညာရရှိရေး လမ်းစဉ်သည် ဘုရားသခင့် ရှေ့တော်တွင် နှိမ့်ချခြင်းဖြစ်ကြောင်း သူ သွန်သင်ခဲ့သည်။ ထိုသို့ နှိမ့်ချဝန်ခံမှု၌ ဘုရားသခင်ထံ ခရစ်တော်၏ နောက်လိုက်တို့ ချဉ်းကပ်ကြပါလျှင် စုံစမ်းနှောင့်ယှက်ခြင်းများကို သူတို့ သည်းခံနေစဉ်မှာပင် သူတို့ရရှိသော ဉာဏ်ပညာက ဝမ်းမြောက်ခြင်းကို ယူဆောင်လာပေးပေလိမ့်မည်။

ယာကုပ် ဩဝါဒစာ မိတ်ဆက်တွင် ယခုအထိ ယာကုပ်၏ နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် စာစောင်၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာကို လေ့လာဖော်ထုတ်ရန် ကျွန်ုပ်တို့ အဆင်သင့် ရှိနေကြပြီ ဖြစ်ပါသည်။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

စုံစမ်းနှောက်ယှက်ခြင်းများ တွေ့ကြုံစဉ်အတွင်း ဝမ်းမြောက်မှုကို ရှာတွေ့ရာ လမ်းစဉ်အဖြစ် ဉာဏ်ပညာအပေါ် ယာကုပ်ဩဝါဒစာက အလွန်ပင် အာရုံစူးစိုက်ထားကြောင်း ကျွန်ုပ်တို့ အကြံပြုခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ဉာဏ်ပညာအပေါ် ဤ အလေးပေးချက်သည် ဤစာစောင်၏ ရည်ရွယ်ချက်ဖြစ်သည်ဟု ဆိုရုံမျှထက် များစွာပိုမိုသည့်အရာ ရှိနေကြောင်းကို ကျွန်ုပ်တို့အား နားလည်လွယ်စေသည်။ အနက်ဖွင့်သူများစွာက ယာကုပ် ဩဝါဒ စာစောင်အား ဓမ္မသစ်ကျမ်း၏ ဉာဏ်အလင်းပြကျမ်းအဖြစ် ပြောဆိုထားကြသည်။ ဤရှုမြင်ချက်သည်လည်း စာစောင်၏ ပုံမှန် မဟုတ်သော ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ကို ဆုပ်ကိုင်မိစေရန် ကျွန်ုပ်တို့ကို ထောက်မသည်။

ဤစာစောင်ကို ယာကုပ်ရေးသားသည့် အချိန်လောက်က ဓမ္မဟောင်းကျမ်းထဲမှ ထွက်ပြူလာသည့် ဉာဏ်အလင်းပြ စာပေသမိုင်းကြောင်းရှည်ကြီး တစ်ခု ရှိနှင့်ပြီး ဖြစ်သည်။ ဓမ္မဟောင်း ဉာဏ်အလင်းပြ အရေးအသားတို့တွင် ယောဘ ဝတ္ထု၊ ဒေသနာကျမ်းနှင့် သုတ္တံကျမ်းတို့သာမက ဉာဏ်အလင်းပြ ဆာလံကျမ်းများနှင့် ဉာဏ်အလင်းပြ ပရောဖက်ကျမ်းများဟု ခေါ်ဆိုကြသည့် စာပေ အများအပြား ပါဝင်သည်။ ဓမ္မဟောင်း စာပေများကို ယာကုပ် ကျေးဇူးတင်ရမည့် အကြောင်းသည် ပုံစံအမျိုးမျိုးဖြင့် ပေါ်လွင်လျက်ရှိသည်။ ဥပမာအားဖြင့် ၅း၁၁ တွင် ယာကုပ်သည် သည်းခံခြင်းကို အားပေးအားမြှောက်ပြုရန်အတွက် ယောဘဝတ္ထုထဲမှ အဓိက ဇာတ်ကောင်ဖြစ်သည့် ယောဘကို သာဓကအဖြစ် သုံးခဲ့သည်။ ထို့ထက်မက ယာကုပ်သည် စကားအပြောအဆို၊ မုဆိုးမနှင့် မိဘမဲ့တို့ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြုစုခြင်း၊ ဆင်းရဲသူ ဆင်းရဲသား ဖြစ်ရခြင်းနှင့် မျက်နှာကြီးရာ ဟင်းဖတ်ပါခြင်းတို့လို ခေါင်းစဉ်များကိုလည်း ဆွေးနွေးခဲ့သည်။ အဆိုပါ ခေါင်းစဉ်များသည် သုတ္တံကျမ်းလာ ပါဝင်အကြောင်းအရာ အများအပြားနှင့် တူညီမှုကို ထင်ဟပ်လျက် ရှိသည်။

> ယာကုပ်ဩဝါဒစာ တစ်အုပ်လုံးကို ကျွန်ုပ်တို့ ဖတ်ရှုသည့်အခါ အစမှအဆုံးတိုင် အများဆုံး တွေ့မြင်ရသည့် အာဘော်မှာ "ဉာဏ်ပညာ" ဆိုသည့် စကားလုံးပင် ဖြစ်သည်။ ဉာဏ်ပညာကို သူ အလွန်တရာ တန်ဖိုးထားသည်မှာ သိသာထင်ရှားသည်။ အဆိုပါ ဉာဏ်ပညာသည် မြေကြီးပညာနှင့် မတူဆန့်ကျင်ကွဲပြားသည့် အထက်အရပ်မှ လာသော ဉာဏ်ပညာ ဖြစ်သည်။ ဉာဏ်ပညာကို ထိုကဲ့သို့ တန်ဖိုးထားခြင်းနှင့် စာစောင်၏ ဖွဲ့စည်းမှုတို့ကြောင့် သူ့ရှေ့တွင် ရောက်နှင့်ပြီးဖြစ်သော ဉာဏ်ပညာအလင်းပြ စာပေသည် သူ့အသက်တာ၌ ကြီးမားစွာ ဩဇာလွှမ်းမိုးနေကြောင်း ကျွန်ုပ်တို့ ယူဆဖွယ် ဖြစ်စေသည်။ ယခုတွင် သူ၏ သုတ္တံကျမ်း အသုံးပြုကိုးကားမှုတို့နှင့် ဉာဏ်အလင်းပြ အဆက်အစပ်အတွင်း မကြာခဏ မိန့်ဆိုခဲ့လေ့ရှိသည့် ကျွန်ုပ်တို့၏ သခင် ယေရှုခရစ်၏ စကားများကို အမှတ်ရပုံတို့၌ ထိုအချက်ကို ကျွန်ုပ်တို့ အရှင်းလင်းအပြတ်သားဆုံး တွေ့ရသည်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းနှင့် တစ်ချိန်တည်းမှာပင် ဓမ္မဟောင်းနှင့် ဓမ္မသစ် ကြားကာလအတွင်း ဉာဏ်အလင်းပြခြင်းဆိုင်ရာ တွေးခေါ်မှု၊ ဉာဏ်အလင်းပြခြင်းဆိုင်ရာ အရေးအသားတို့နှင့် ဆိုင်သည့် စာပေရေးဟန် တစ်ခု တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ယာကုပ်ဩဝါဒစာထဲတွင် အဆိုပါ ဉာဏ်အလင်းပြ စာပေအရ အလားတူသည့် အာဘော်အချို့ကို ကျွန်ုပ်တို့ တွေ့ရသည်ဟု ကျွန်ုပ် ထင်ပါသည်။ အလားတူသည့် ဖွဲ့စည်းမှုကိုလည်း အခါအားလျော်စွာ ကျွန်ုပ်တို့ တွေ့ရသည်။ သို့သော် အာဘော်အများအပြားတို့မှာမူ သုတ္တံကျမ်းနှင့် ယေရှုတို့အားဖြင့် အမှန်စင်စစ် အစပြုခဲ့သည်ဟု ကျွန်ုပ် ထင်ပါသည်။ သို့ဖြစ်၍ ယာကုပ်ဩဝါဒစာအပေါ် သက်ရောက်နေသည့် ပိုကြီးမားသော ဩဇာအရှိန်အဝါသည် ယေရှုနှင့် သုတ္တံကျမ်းတို့ထံမှ ပေါ်ထွက်နိုင်ခြေ ရှိသည်ဟု ကျွန်ုပ် ယူဆပါသည်။ သို့သော် ယေရှု အချိန်ကာလလောက်က ဒုတိယ ဗိမ္မာန်တော် ကာလ ယုဒဘာသာတစ်ခုလုံး၌ ရှိနေသည့် ဉာဏ်အလင်းပြ သုတ္တံစကားတို့၏ ရေးဟန်နှင့် အရေးပါပုံတို့မှာလည်း အရေးကြီးလှပါသည်။
>
> **ဒေါက်တာ David W. Chapman**

ယာကုပ်ဩဝါဒစာသည် *ဆိုင်းရက်ခ်* ဟု အလွယ်ခေါ်သည့် *ဆိုင်းရက်ခ် ဉာဏ်အလင်းပြကျမ်း* နှင့် *ရှောလမုန် ဉာဏ်အလင်းပြကျမ်း* တို့လို ကျမ်းစာပြင်ပ အရှိန်အဝါ ကြီးမားသော ဉာဏ်ပညာ အလင်းပြ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာစောင်များ၏ ပါဝင်အကြောင်းအရာတို့ကိုလည်း ထင်ဟပ်နေသည်။ အဆိုပါ စာစောင်တို့မှာ ယာကုပ်၏ အချိန်ကာလတွင် ထင်ရှားခဲ့ကြသည်။ ထိုစာစောင် နှစ်ခုလုံးနှင့် ထင်ရှားသိသာစွာ တူညီနေမှုများသည်လည်း သူ့စာစောင်ထဲတွင် ရှိနေသည်။ သာဓက တစ်ခုမျှကိုသာ ဆိုပါလျှင် ဆိုင်းရက်ခ် ၁း၂၆ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ဉာဏ်ပညာကို သင်အလိုရှိသည်ဆိုပါက ပညတ်ချက်တို့ကို စောင့်ရှောက်လော့။
> ထာဝရအရှင် ဘုရားသခင်သည်လည်း သင့်အပေါ်
> သွန်းလောင်းချပေးတော်မူမည်။

ယာကုပ် ၁း၅ ကလည်း ကျွန်ုပ်တို့ကို ပြောပြနေသည်မှာ

> သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကို လိုလျှင်
> ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်
> ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရကြလိမ့်မည်
> (ယာကုပ် ၁း၅)။

အဆိုပါ ဉာဏ်အလင်းပြ စာပေ အမျိုးအစားများသာမက ခရစ်ဝင်ကျမ်းများထဲ မှတ်တမ်းတင်ထားသည့် ယေရှု၏ သွန်သင်ချက်အများစုသည် ဣသရေလတိုင်းအတွင်း ဉာဏ်အလင်းပြ သွန်သင်မှုတို့၏ သွင်ပြင်လက္ခဏာများ ဖြစ်ကြသည်။ အနက်ဖွင့်သူတို့သည်လည်း ယာကုပ်၏ အရေးအသားနှင့် ယေရှု၏ သွန်သင်ချက်တို့အကြား တူညီမှုများစွာကို သတိပြုထားခဲ့ကြပြီး ဖြစ်သည်။ ဥပမာအားဖြင့် မဿဲ ၅း၁၀ တွင် ယေရှုပြောဆိုထားသည်ကို စဉ်းစားကြည့်ပါ။

> ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ရှက်ညှဉ်းဆဲခြင်းကို ခံရသောသူတို့သည်
> မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏
> နိုင်ငံဖြစ်၏။

ဤအရာကို ယာကုပ် ၁း၁၂ တွင် ယာကုပ်ရေးထားသည်နှင့် နှိုင်းယှဉ်ကြည့်ပါ။

> စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား
> စစ်ကြောစုံစမ်းခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား
> ကတိထားတော်မူသော အသက်သရဖူကို ရလိမ့်မည် (ယာကုပ် ၁း၁၂)။

> ပထမ ရာစုနှစ် နှင့် ထိုမတိုင်မီ အနည်းငယ်လောက်က ရှိနေခဲ့သော
> ယုဒဘာသာ၏ ဉာဏ်အလင်းပြစာပေသည် ယာကုပ်အပေါ်တွင် အထူးသဖြင့်
> ယဉ်ကျေးမှုအရနှင့် သူ အသုံးပြု ရေးသားနေသော စာပေ နောက်ခံတို့ အရ
> အတော်ကလေး လွှမ်းမိုးနေခဲ့သည်။ အမှန်စင်စစ် ယာကုပ်ဩဝါဒစာနှင့်

ဓမ္မဟောင်းအပါအဝင် အခြားသော ဂျူးစာပေတို့၌ တွေ့ရသည့် အခြား စာပေတို့ အကြား ဒါဇင်ပေါင်းများစွာသော ကိုးကားချက်နှင့် တူညီမှုများ ရှိနေသည်။ ယာကုပ်သည် သုတ္တံကျမ်းကို နှစ်ကြိမ် ကိုးကားထားကြောင်း၊ အနည်းဆုံး တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လည်း ဖြစ်နိုင်ကြောင်း၊ ဓမ္မသစ်ကာလ မတိုင်မီ ရာစုနှစ် တစ်ခုလောက်က ရေးခဲ့သော စာပေလက်ရာတစ်ခု ဖြစ်သည့် *ဂျီးဆပ်စ် ဘင်န် ဆိုင်းရက်ခ်* ဉာဏ်အလင်းပြကျမ်းကို ကိုးကားချက်တို့ အထူးသဖြင့် သူ့မှာ အများအပြား ရှိနေကြောင်း သင်သိထားပါသည်။ သို့သော် ဉာဏ်ပညာအရ ဆိုလျှင် ယာကုပ်ဩဝါဒစာ၌ အများနှင့်မတူသည့် ထူးခြားချက်တစ်ခု ရှိနေသည်။ ၎င်းမှာ ယေရှု၏ သွန်သင်ချက်နှင့် သူ၏ ဉာဏ်ပညာကို သူချိတ်ဆက်ထားခြင်း ဖြစ်သည်။ သေးငယ်သော တက်မဖြင့် ပဲ့ကိုင်ခံရသော သင်္ဘောအကြောင်း၊ သည်းခံစိတ်ဖြင့် စောင့်ဆိုင်းကြသော လယ်သမားများအကြောင်းနှင့် ခရီးသွားလာကြသော ကုန်သည်များအကြောင်း ဖော်ပြချက်များကြောင့် ယာကုပ်သည် ဓမ္မသစ်ကျမ်းထဲ၌ အပေါ်လွင်ဆုံး ဥပမာပေးဖော်ပြသူတစ်ဦး ဖြစ်နိုင်ဖွယ်ရှိပါသည်။ ပုံဥပမာများမှာလည်း အလွန်ပင် များကြသည်။ ထိုအရာရှိသမျှတို့သည် ဉာဏ်ပညာ၏ လွှမ်းမိုးခြင်း အရှိန်အဝါကြောင့် ဖြစ်ရသည်။ သို့သော် ယာကုပ်ဩဝါဒစာ၏ ပါဝင်အကြောင်းအရာသည် အမှန်စင်စစ် နိုင်ငံတော်ကို ယေရှု တင်ဆက်ရာလမ်းစဉ်နှင့် သင့် ဘဝအသက်တာကို နိုင်ငံတော်၏ မျက်မှောက်တော်က ပြောင်းလဲစေသည့် လမ်းစဉ်တို့အား ရှေ့သို့ ဆက်လက် သယ်ပို့ပေးနေပါသည်။

**ဒေါက်တာ Dan McCartney**

ဉာဏ်အလင်းပြစာပေနှင့် ယာကုပ်စာစောင်တို့ နီးနီးကပ်ကပ် နွယ်ယှက်မှု ရှိနေသောကြောင့် စာစောင်၏ ဖွဲ့စည်းမှုသည် ကျွန်ုပ်တို့ မျှော်လင့်ထားနိုင်ခဲ့သည်နှင့် မတူ ကွဲပြား ခြားနားနေရသည်။ ဤစာစောင်ကို အတိုချုပ် လေ့လာမှုကပင်လျှင် ၎င်း၏ စုဖွဲ့မှုသည် ရိုးရိုးရှင်းရှင်း မဟုတ်ကြောင်း ကျွန်ုပ်တို့ကို ပြောပြသည်။ အမှန်တွင် ကျွန်ုပ်တို့ခေတ်သစ်အမြင်အရ ဆိုပါလျှင် အတော်ပင် ဖရိုဖရဲနိုင်လွန်းသည်။ သုတ္တံကျမ်းနှင့် များစွာ အလားတူပင် ယာကုပ်ဩဝါဒစာသည်လည်း အရေးကြီးသော အာဘော်အမျိုးမျိုးတို့ကို ထိတွေ့ဆွေးနွေးထားသည်။ ၎င်းသည် တစ်နေရာမှ နောက်ထပ်တစ်နေရာသို့ မကူးမီ အာဘော် တစ်ခုအတွက် ကျမ်းချက်အနည်းငယ်မျှကိုသာ အသုံးပြုလေ့ရှိသည်။ နောက်ပိုင်းတွင် စာစောင်ထဲရှိ ၎င်း၏ အာဘော်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အာဘော်များဆီသို့ အခါအားလျော်စွာ ပြန်ရောက်လာပြန်သည်။ သို့သော် ရှေ့နောက် ဆီလျော် ညီညွတ်စွာဖြင့် ပြန်ရောက်လာခြင်းတော့ မဟုတ်ပေ။ အချို့သော သုံးသပ်သူတို့က ယာကုပ်ဩဝါဒစာတွင် ဖွဲ့စည်းမှု သတ်သတ်မှတ်မှတ်ပင် မရှိဟု အချုပ်အားဖြင့် ပြောကြသည်။

အစီအစဉ် ပုံစံတကျမရှိ၊ တွေးခေါ်မှု လမ်းစဉ် မရှိသည့် ဉာဏ်အလင်းပြ ဆိုရိုးစကား ပေါင်းချုပ်မျှသာ ဖြစ်သည်ဟု သူတို့ မှတ်ချက်ပြုကြသည်။

ယခု ဤနေရာတွင် ကျွန်ုပ်တို့ သတိထားရမှာတော့ ရှိသည်။ ဤစာသည် အစီအစဉ်ကျနမှု လုံးဝမရှိ၊ အချင်းချင်း ဆက်နွယ်မှုကင်းသည့် အခန်းငယ်များကို ဖရိုဖရဲ ဗရပွ စုပုံထားမှု တစ်ခုတော့ မဟုတ်ပါ။ ယာကုပ်သြဝါဒစာသည် ဉာဏ်ပညာ အလင်းပြစာပေတို့နှင့် ဖွဲ့စည်းမှုအရရော ပါဝင်အကြောင်းအရာအရပါ တူညီမှု ရှိလင့်ကစား အဆိုပါ စာပေရေးဟန်မှ နည်းအထွေထွေဖြင့် ကွဲပြားခြားနားမှု ရှိနေပြန်သည်။ အခြားသော ဉာဏ်အလင်းပြစာပေတို့မှ ကွဲလွဲလင့်ကစား ယာကုပ်သြဝါဒစာသည် တိကျသော အသင်းတော်များထံ ရည်ရွယ်ပေးပို့သော စာတစ်စောင် ဖြစ်သည်။ ဤအကြောင်းကြောင့်ပင် ၎င်းသည် အခြားသော ဓမ္မသစ် သြဝါဒ စာစောင်များ၏ ဖွဲ့စည်းမှု ဆိုင်ရာ သွင်ပြင်လက္ခဏာ အချို့ကို ထင်ဟပ်လျက် ရှိနေသည်။

ယာကုပ်သြဝါဒစာ၏ တည်ဆောက်ပုံ သို့မဟုတ် ဖွဲ့စည်းထားပုံအပေါ် အနက်ဖွင့်သမားတို့ အများအားဖြင့် သဘောကွဲလွဲကြသည်။ သို့သော် ဤသင်ခန်းစာ၏ ရည်ရွယ်ချက်အရ စာစောင်ကို ကျွန်ုပ်တို့ ခုနစ်ပိုင်း ခွဲခြားထားပါသည်။

- ယာကုပ် ၁း၁ တွင် ယာကုပ်၏ နှုတ်ဆက်မှုဖြင့် သြဝါဒစာ အစပြုသည်။
- ပထမမြောက် အဓိက အပိုင်းမှာ ယာကုပ် ၁း၂-၁၈ ပါ ဉာဏ်ပညာနှင့် ဝမ်းမြောက်ခြင်း ဟု ကျွန်ုပ်တို့ ခေါ်နိုင်သည့် စာစောင်၏ အဓိက အာဘော်များကို မိတ်ဆက်ပေးသည်။
- ဒုတိယမြောက် အဓိက အပိုင်းသည် ယာကုပ် ၁း၁၉-၂း၂၆ ပါ ဉာဏ်ပညာနှင့် နာခံခြင်းအတွက် ယာကုပ်၏ အလေးပေးချက်ကို ဖော်ပြသည်။
- တတိယမြောက် အဓိက အပိုင်းမှာ ယာကုပ် ၃း၁-၄း၁၂ ပါ ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်း အကြောင်း ဆွေးနွေးချက် ဖြစ်သည်။
- စတုတ္ထမြောက် အဓိက အပိုင်းသည် ယာကုပ် ၄း၁၃-၅း၁၂ ပါ ဉာဏ်ပညာနှင့် အနာဂတ်အပေါ် စူးစိုက်ထားသည်။
- ပဥ္စမမြောက်နှင့် နောက်ဆုံး အဓိက အပိုင်းသည် ယာကုပ် ၅း၁၃-၁၈ ပါ ဉာဏ်ပညာနှင့် ဆုတောင်းချက်အဖြစ် ကျွန်ုပ်တို့ ဖော်ပြသည့် အပိုင်းအတွက် ရည်စူးထားသည်။
- အဆိုပါ အဓိက အပိုင်း ငါးပိုင်း ပြီးသည့်နောက် ၅း၁၉-၂၀ ပါ တိုက်တွန်းအားပေးချက်တစ်ခုဖြင့် နိဂုံးချုပ်သည်။

အဆိုပါ အပိုင်းတစ်ခုချင်းစီကို အသေးစိတ် လေ့လာကြပါစို့။ ဦးစွာ ယာကုပ် ၁း၁ ပါ နှုတ်ဆက်ခြင်းဖြင့် အစပြုကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နှုတ်ဆက်ခြင်း (၁း၁)

၁း၁ ပါ ယာကုပ်၏ တိုတောင်းသော နှုတ်ဆက်ခြင်းကို ပြန်နားထောင်ကြည့်ပါ။

> ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ ကျွန် ငါယာကုပ်သည် အရပ်ရပ်တို့၌ ကွဲပြားသော တစ်ဆယ့်နှစ်ပါးသော အမျိုးတို့ကို မေတ္တာဖြင့် ကြားလိုက်ပါ၏။ (ယာကုပ် ၁း၁)

ယာကုပ်က သူ့ကိုယ်သူ မည်သို့ ဖော်ပြထားခဲ့သည်ကို ကျွန်ုပ်တို့ ကျော်မသွားသင့်ပါ။ "ဘုရားသခင်နှင့် အရှင်ယေရှုခရစ်၏ ကျွန်" ဟူ၍ သူ့ကိုယ်သူ ခေါ်ဆိုထားသည်။ ယာကုပ်သည် သူ့ကိုယ်သူ အသင်းတော်၏ ခေါင်းဆောင် သို့မဟုတ် ယေရှု၏ ညီတော်အဖြစ် မိတ်ဆက်လိုက မိတ်ဆက်နိုင်ခဲ့ပါသည်။ ထိုအစား သူသည် ဘုရားသခင်နှင့် ခရစ်တော်၏ ကျွန်ဖြစ်ခြင်းကိုသာ အဓိကအချက်အဖြစ် သူရွေးချယ်ခဲ့သည်။ ဤ နှစ်ထပ်ကွမ်း ကိုးကားချက်သည် ယာကုပ်၏ တစ်ကိုယ်ရည် နှိမ့်ချကျိုးနွံမှုကို ဖော်ပြချက် ဖြစ်နိုင်ပြီး စာစောင်ထဲတွင် နောက်ပိုင်း သူဆွေးနွေးမည့် အာဘော်တစ်ခုလည်း ဖြစ်သည်။ ဤနေရာတွင် သူသည် သူ့အစ်ကိုတော် ယေရှု၏ ကျွန်မျှသာ ဖြစ်ကြောင်း ထင်ရှားစေခြင်းဖြင့် နှိမ့်ချကျိုးနွံမှု၏ သာဓကကို ပြခဲ့သည်။

နှုတ်ဆက်ခြင်းနောက်တွင် ပထမမြောက် အဓိက အပိုင်းသည် ဉာဏ်ပညာနှင့် ဝမ်းမြောက်ခြင်းဟု ကျွန်ုပ်တို့ ခေါ်ကြသည့် အပိုင်းအပေါ် ဗဟိုပြုသည်။

# ဉာဏ်ပညာနှင့် ဝမ်းမြောက်ခြင်း (၁း၂-၁၈)

ယေရုရှလင်မြို့ပြင်သို့ မောင်းထုတ်ခံရသဖြင့် မြေထဲပင်လယ်ဒေသဝန်းကျင်တွင် ကွဲလွင့်နေထိုင်ကြရသော ခရစ်ယာန်များဆီသို့ သူ့စာစောင်ကို ယာကုပ်ရေးခဲ့ခြင်း ဖြစ်သည်။ သူတို့ကို စိတ်အားလျော့စေသော စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကို သူတို့ ရင်ဆိုင်နေခဲ့ကြရသည်မှာ သံသယ မရှိပါ။ ဤအကြောင်းကြောင့်ပင် ဉာဏ်ပညာ၏ အရေးကြီးပုံအကြောင်း ပြောဆိုသည့် ယာကုပ်၏ ပထမ စကားလုံးတို့သည် ဝမ်းမြောက်ရန် တိုက်တွန်းချက်ဖြင့် အစပြုခဲ့သည်။ သူ့ပရိသတ်ကို ယာကုပ် ပြောဆိုရာ ယာကုပ် ၁း၂ ကို ပြန်နားထောင်ကြည့်ပါ။

> ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်
> သည်းခံခြင်းကို ပွားစေ တတ်သည်ဟုသိမှတ်လျက်၊
> အထူးထူးအပြားပြားစုံစမ်းနှောင့်ရှက်ခြင်းနှင့် တွေ့ကြုံသောအခါ၊
> ဝမ်းမြောက်စရာ အကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။

ဤကျမ်းချက်သည် ကျွန်ုပ်တို့အတွက် ခွကျနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အထူးသဖြင့် "အထူးထူးအပြားပြားစုံစမ်းနှောင့်ရှက်ခြင်း" နှင့် တွေ့ကြုံသောသူတို့ကို လိပ်မူထား၍

ဖြစ်သည်။ သို့သော် "ဝမ်းမြောက်စရာ အကြောင်းသက်သက်" ရှိရန် ယာကုပ်၏ မေတ္တာရပ်ခံချက်သည် ကျွန်ုပ်တို့ယူဆသလို တမူထူးခြားနေသည့် သဘော မရှိပါ။

"ဝမ်းမြောက်စရာ အကြောင်းသက်သက်" ဟူသော စကားစုသည် ဟေလလသ အသုံးအနှုန်း (*ပါဆန် ခါရန်*) မှ လာသည်။ ၎င်းအား "ပြီးပြည့်စုံသော ဉသုံ ဝမ်းမြောက်ခြင်း" ဟု ပြန်ဆိုနိုင်သည်။ ဤသို့သော ခွန်အားပေးချက်သည် ယာကုပ်ခေတ်ကာလက ရှိနေသည့် အခြားသော ဉာဏ်ပညာ အလင်းပြစာပေတို့အရလည်း ကိုက်ညီမှု ရှိသည်။ ဆင်းရဲဒုက္ခကြုံသူတို့အား မိမိတို့ကိုယ် မိမိတို့ မင်္ဂလာရှိသူများအဖြစ် မှတ်ယူဖို့ ဉာဏ်အလင်းပြ အရေးအသားတို့က အမြဲလို ခွန်အားပေးခဲ့ကြသည်။ ဥပမာအားဖြင့် မဿဲ ၅း၂ တွင် နိုပ်စက်ညှင်းပန်းမှုများအတွင်း "ဝမ်းမြောက်ရွှင်မြူးခြင်း ရှိကြလော့" ဟူသော တိုက်တွန်းချက်ဖြင့် တောင်ပေါ်ဒေသနာကို ယေရှုက နိဂုံးချုပ်ထားသည်။

၁း၃-၄ တွင် စောစောက ကျွန်ုပ်တို့ ပြောခဲ့သလို သည်းခံခြင်းစိတ်သည် ယုံကြည်သူတို့အား "စေ့စပ် စုံလင်" အောင် ပြုပြင်ပေးနိုင်ကြောင်း ယာကုပ်က သွန်သင်ခဲ့သည်။ တနည်းဆိုရလျှင် ဘုရားသခင့်လူတို့ အခက်အခဲ ကြုံသောအခါ သူတို့အတွက် ဘုရားသခင် ရည်ရွယ်ထားသမျှ ပြီးပြည့်စုံမှုဆီသို့ သူတို့ ရင့်ကျက်ကြီးထွားကြသည်။ သို့သော် ဆင်းရဲဒုက္ခ ကြုံချိန်တွင် ဤအချက်သည် မည်သို့ မှန်ကန်မှု ရှိနေကြောင်း သိမြင်ရန်မှာမူ အရိုးသားဆုံး ယုံကြည်သူတစ်ဦးအတွက်ပင်လျှင် ဧကန်အမှန် ခက်ခဲနေတတ်သည်။ ဤအကြောင်းကြောင့်ပင် နောက်လိုက်လာသည့် ကျမ်းချက်ထဲ၌ ဘုရားသခင့်အထံတော်မှ ဉာဏ်ပညာကို တောင်းခံဖို့ ယာကုပ်က သူ့ပရိသတ်ကို မှာရခြင်း ဖြစ်သည်။ ယာကုပ် ၁း၅ တွင် ပြောထားသည့်အရာကို သင် ပြန်အမှတ်ရပါလိမ့်မည်။

> သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကို လိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင် ရလိမ့်မည်။

စုံစမ်းနှောင့်ယှက်ခြင်းခံစားရချိန် ဝမ်းမြောက်ခြင်း သက်သက် ရလိုသူတို့သည် ဘုရားသခင်ထံ ဉာဏ်ပညာ တောင်းခံကြရမည် ဖြစ်သည်။ သူတို့၏ စုံစမ်းနှောင့်ယှက်ခြင်းတို့သည် သူတို့အား မည်သို့ ထောက်ကူအားပေးကြောင်း သူတို့ နားလည်အောင် ထောက်ကူပေးမည့် ဉာဏ်ပညာကို သူတို့ လိုပါသည်။ ဘုရားသခင့်ထံမှ အဆိုပါ ဉာဏ်ပညာမျိုးကို ကျွန်ုပ်တို့ တောင်းခံမည် ဆိုပါကလည်း ကိုယ်တော်က ကျွန်ုပ်တို့ကို ပေးသနားတော်မူမည် ဖြစ်ပါသည်။ ၁း၁၇ တွင် ယာကုပ်က ဆက်ပြောထားခဲ့သည့်အတိုင်း ဘုရားသခင်သည် ကိုယ်တော်၏ လူများအား ကောင်းမြတ်စုံလင်သော ဆုကျေးဇူး ရှိသမျှကို ပေးသနားတော်မူသော ဘုရားသခင် ဖြစ်သည်။ ၁း၁၈ တွင် ဤ စိတ်ချမှုအာမခံချက်ဖြင့် ဤ အပိုင်းကဏ္ဍကို ယာကုပ် အဆုံးသတ်ခဲ့သည်။

> (ဘုရားသခင်) သည် နိမ္မိတ သတ္တဝါတို့တွင် ငါတို့သည် အဦးသီးသော အသီးကဲ့သို့ ဖြစ်စေခြင်းငှာ သမ္မာတရား စကားအားဖြင့် မိမိအလိုတော်အတိုင်း ငါတို့ကို ဖြစ်ပွားစေတော်မူ၏ (ယာကုပ် ၁း၁၈)။

စုံစမ်းနှောင့်ယှက်ခြင်းတို့အားဖြင့် ဘုရားသခင် မည်သို့ အလုပ်လုပ်သည်ကို နားလည်စေမည့် ဉာဏ်ပညာကို ကျွန်ုပ်တို့ ရရှိချိန်တွင် ကျွန်ုပ်တို့ ပျော်ရွှင်နိုင်ကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ထာဝရ ကယ်တင်ခြင်း ကောင်းချီးမင်္ဂလာကို အပ်နှင်းထားပြီးကြောင်း ကျွန်ုပ်တို့၏ စိတ်ချမှုကို ဉာဏ်ပညာက ခိုင်မာစေသည်။

ဉာဏ်ပညာနှင့် ဝမ်းမြောက်ခြင်းအကြောင်း ဆွေးနွေးပြီးနောက် ဉာဏ်ပညာနှင့် နာခံမှုတို့အကြား ဆက်နွယ်မှုဆီ ယာကုပ် ကူးသွားသည်။

# ဉာဏ်ပညာနှင့် နာခံမှု (၁း၁၉-၂း၂၆)

ဤအပိုင်းတွင် ဉာဏ်ပညာနှင့် နာခံမှုအကြောင်းအား အခြေခံကျသည့် အဆင့် သုံးဆင့်အဖြစ် ယာကုပ် ဆွေးနွေး ရှင်းလင်းထားသည်။ အစပြုရမည် ဆိုလျှင် ၁း၁၉-၂၇ သည် နားထောင်ပေးရုံ သို့မဟုတ် အပြောသက်သက်ထက် လက်တွေ့ လုပ်ဆောင်ရန် အရေးကြီးပုံကို မိတ်ဆက်ထားသည်။

## လက်တွေ့ လုပ်ဆောင်ချက် (၁း၁၉-၂၇)

၁း၂၂ တွင်ကျွန်ုပ်တို့တွေ့ရသည်မှာ

> "ကိုယ်ကိုယ်ကိုယ်လှည့်ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူ ဖြစ်ကြလော့" (ယာကုပ် ၁း၂၂)။

နှုတ်ကပတ်တရားကို နာရုံမျှသာပြုခြင်းသည် မပြည့်စုံပါ။ ဘုရားသခင့် အထံတော်မှ လာသော ဉာဏ်ပညာစကားသည် သစ္စာရှိစွာ နာခံခြင်းဆီ ဦးဆောင်သွားရမည်လည်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ လှည့်ဖျားနေသူများ ဖြစ်နေကြပေသည်။

> ယာကုပ်၏ စာကို သင်ဖတ်သည့်အခါ ကျွန်ုပ်တို့ ယုံကြည်ပါသည်ဟု ကျွန်ုပ်တို့ ဆိုနေကြသည့် အရာတို့ကို လက်တွေ့ လုပ်ဆောင်ရန် လိုအပ်ချက်အပေါ် သူ အမှန်တကယ် အလေးပေးနေကြောင်း သင် နားလည်ရသည်။ ၎င်းသည် ဩဝါဒစာစောင်တစ်ခုလုံး၌ နေရာအနှံ့ အလွန်ပင် ထင်ရှား ပေါ်လွင်နေသော အာဘော်တစ်ခုပင် ဖြစ်သည်။ ကျွန်ုပ်တို့ မေးရမည့် မေးခွန်းမှာ အဘယ်ကြောင့် ယာကုပ်သည် ထိုအချက်ကို အလေးပေး ဖော်ပြနေပါသနည်း။ ပထမဆုံး အဖြေသည် ဤသို့ ဖြစ်ပုံရသည်။ ယာကုပ်သည် လက်တွေ့ လောကတွင် အသက်ရှင်နေသူ ဖြစ်ပြီး တကယ့်လူများကို လက်တွေ့ အစေခံနေသူ၊ အပြောလွယ်သော ကျွန်ုပ်တို့ နေထိုင်ရာ လောက၊ ဘုရားသခင်ကို ယုံပါသည်ဟု ပြောရန် အလွန်ပင် လွယ်ကူသလောက် ထိုယုံကြည်ခြင်းကို လက်တွေ့ ဘဝ၌



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မည်သို့ လက်တွေ့ပြုမူရသည်ကို အကောင်အထည်ဖော်ရန် အလွန်ခက်ခဲသော လောကကို အလုပ်အကြွေး ပြုနေသူ ဖြစ်သည်။ ဤအချက်သည် ယာကုပ်အတွက်သာမက ယေရှုအတွက်ပါ စိမ်ခေါ်မှု တစ်ခု ဖြစ်ခဲ့ပြီးသည့်ပုံ ပေါ်သည်။ အပြောနှင့် အလုပ်တို့သည် တူညီသော အရာများ မဟုတ်ကြပါ။ ထိုအရာကို ယေရှု သိပါသည်။ ထိုအရာကို ယာကုပ်လည်း သိပါသည်။ သူတို့သည် တကယ့်လောကအတွင်း တကယ့်ပြဿနာကို ရင်ဆိုင်နေကြရသည့် တကယ့်လူတို့ကို အစေခံရန် အားထုတ်နေခဲ့ကြသူများ ဖြစ်ကြပါသည်။

**ဒေါက်တာ Jimmy Agan**

ဘုရားသခင့် နှုတ်ကပတ်တရားကို နာရုံမျှထက် ကျင့်သောသူများ ဖြစ်စေဖို့ သူ့ပရိသတ်တို့ကို ယာကုပ် မျှော်လင့်ထားခဲ့သည်။ သူတို့၏ ယုံကြည်ခြင်းကို လက်တွေ့ အကောင်အထည်ဖော်ရန် သူတို့ထံမှ ယာကုပ် မျှော်လင့်ခဲ့သည်။ ဤအာဘော်သည် ယာကုပ်အတွက် အလွန်ပင် အရေးကြီးလှရကား အခန်းကြီး ၁ နှင့် ၂ တို့တွင် ထိုအကြောင်းကို အဓိကထားပြီး သူဆွေးနွေးထားလျက်ပင် သူ့စာစောင်တစ်လျှောက် ထိုအကြောင်းအရာဆီ အခါအားလျော်စွာ ပြန်ရောက်လာလေ့ရှိခဲ့သည်။ ဥပမာအားဖြင့် ဉာဏ်ပညာနှင့် နာခံခြင်းတို့၏ ဆက်နွယ်မှု အပေါ် ယာကုပ်၏ အခြေခံ ရှုမြင်ပုံသည် ၃း၁၃ တွင် ပြန်ပေါ်လာသည်။ ယာကုပ်က

> သင်တို့တွင် အတတ်အလိမ္မာနှင့် ပြည့်စုံသော ပညာရှိ တစ်စုံတစ်ယောက် ရှိလျှင် ထိုသူသည် ပညာ၏ နူးညံ့သိမ်မွေ့ခြင်းနှင့်တကွ ကောင်းမြတ်သော ကျင့်ကြံပြုမူခြင်းအားဖြင့် မိမိအမှုတို့ကို ပြပါစေ (ယာကုပ် ၃း၁၃)။

ဤကျမ်းချက်က ညွှန်ပြနေသလို စုံစမ်းနှောင့်ယှက်ခြင်းများနှင့် ဆင်းရဲဒုက္ခတို့အတွင်း ဉာဏ်ပညာနှင့် တကွ ဘုရားသခင့် အကြံအစည်တော်တို့ကို တတ်သိနားလည်ခြင်းသည် အသိဆိုင်ရာ ကိစ္စသက်သက်မျှသာ မဟုတ်ပါ။ ထိုဉာဏ်ပညာ ရှိသူတို့သည် သူတို့၏ ကောင်းမြတ်သော ဘဝအသက်တာအားဖြင့်၎င်း၊ ဘုရားသခင်ပေးသနားတော်မူသော ဉာဏ်ပညာမှ လာသော နှိမ့်ချပျပ်ဝပ်မှု၌ ပြုမူသည့် အကျင့်အကြံများအားဖြင့်၎င်း ထိုဉာဏ်ပညာအား ပြသကြရမည် ဖြစ်သည်။

သို့ဖြစ်၍ ၁း၂၇ တွင် စစ်မှန်သော ဘုရားတရား ကိုးကွယ်ရှိခိုးမှုနှင့် သီလတို့အား ယခုလို အကျဉ်းချုပ်လျက် လက်တွေ့လုပ်ဆောင်ရေး လိုအပ်ချက်ဆိုင်ရာ ဤကဏ္ဍကို ယာကုပ် အဆုံးသတ်ခဲ့သည်။

> ခမည်းတော် ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလဟူမူကား မိဘမရှိသော သူငယ်တို့နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီ အညစ်အကြေးနှင့် ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်းပေတည်း (ယာကုပ် ၁း၂၇)



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ယာကုပ်သည် "စင်ကြယ်သန့်ရှင်းသည်" ဟု သူခေါ်ဆိုသည့် ဘာသာ သီလနှင့် စပ်လျဉ်း၍ အလွန်ပင် ပွင့်လင်းစွာ ပြောဆိုထားသည်မှာ "မိဘမရှိသော သူငယ်တို့နှင့် မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီ အညစ်အကြေးနှင့် ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်း" ဟူ၍ ဖြစ်သည်။ ရုပ်ဝတ္ထုကို ပုံစံအမျိုးမျိုးဖြင့် ဦးစားပေးလွန်းသော ကျွန်ုပ်တို့၏ ယဉ်ကျေးမှုတွင်လည်း ထိုအချက်တို့သည် ဒင်္ဂါးပြား တစ်ပြားတည်း၏ မျက်နှာစာ နှစ်ဖက်ကဲ့သို့ ဖြစ်ကြသည်။ ကျွန်ုပ်တို့အား လောကီ အညစ်အကြေး ကပ်ညိရာ နည်းလမ်းတစ်ခုမှာ ကျွန်ုပ်တို့ ဝန်းကျင်ရှိ ဆင်းရဲသူ ဆင်းရဲသားတို့အား မကြည့်ရှု မပြုစုခြင်း သို့တည်းမဟုတ် သူတို့ဆင်းရဲရသည့်အကြောင်းမှာ သူတို့ကိစ္စသက်သက်ပဲ ဟူ၍သာ ရှုမြင်ပြီး အရင်းခံ အကြောင်းတရားများကို မစဉ်းစားပေးဘဲထားခြင်း သို့တည်းမဟုတ် ကိုယ်ချမ်းသာရင် ပြီးရော သဘောဖြင့် ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ကြခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် အထက်တန်းစားများ ဖြစ်ကြသည် သို့တည်းမဟုတ် ကျွန်ုပ်တို့မှာသာလျှင် ဘုရားသခင့် ကောင်းချီးရှိပြီး ဆင်းရဲသားများမှာတော့ မရှိကြဟု ပြောသည့်သဘော သက်ရောက်သည်။ တကယ့်အမှန်တွင် မကြာခဏ သင်တွေ့ရသည်က ဆင်းရဲသားတို့၏ ယုံကြည်ခြင်းသည် သူတို့ကြုံရသော အလားတူ ဆင်းရဲဒုက္ခမျိုးကို မကြုံဖူးသူတွေထက် ပိုကြီးမားပြီး ပို၍လည်း စစ်မှန်သည် ဆိုသည့် အချက်ပင် ဖြစ်သည်။
>
> **— Rev. Dr. Thurman Williams**

လက်တွေ့လုပ်ဆောင်ရန် ဤတိုက်တွန်းချက် မိတ်ဆက်၏ နောက်တွင် ၂း၁-၁၃ အတွင်း မျက်နှာလိုက်ခြင်း ပြဿနာအပေါ် စူးစိုက်ခြင်းဖြင့် ဉာဏ်ပညာနှင့် နာခံခြင်းတို့အကြား ဆက်နွယ်မှုအား ယာကုပ် အကျယ်တဝင့် ပြောဆိုခဲ့သည်။

## မျက်နှာလိုက်ခြင်း (၂း၁-၁၃)

ယာကုပ်၏ ပရိသတ်ထဲမှ အချို့သည် ချမ်းသာသူတို့ကို မျက်နှာချိုသွေးပြီး ဆင်းရဲသားတို့ကိုမူ လစ်လျူရှုထားခြင်းဖြင့် ဘက်လိုက်မှုကို သိသိသာသာ ပြသနေခဲ့ပြီး ဖြစ်သည်။ ဤအပိုင်းထဲတွင် "ရွှေပညတ်တော်" ဟု သူခေါ်ဆိုထားသည့် အရာအပေါ် လျော့ပေါ့ပတ်စွာ အာရုံစိုက်ကြရေး သူတို့အား တိုက်တွန်းခြင်းဖြင့် ဤပြဿနာကို ယာကုပ် ဖြေရှင်းခဲ့သည်။ ၂း၈ တွင် ယာကုပ်က



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> “ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့” ဟု ကျမ်းစာ၌ ပါသော ရွှေပညတ်တော်ကို သင်တို့သည် စောင့်ရှောက်လျှင် ကောင်းသောအကျင့်ကို ကျင့်ရာသို့ ရောက်ကြ၏ (၂း၈)။

အခြေခံကျကျဆိုရလျှင် ချမ်းသာသူကို မျက်နှာချိုသွေးပြီး ဆင်းရဲသူကို မျက်နှာလွှဲခြင်းသည် “ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့” ဟူသော အမိန့်ကို နာခံရန် ပျက်ကွက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ရွှေပညတ်တော်ကို လိုက်နာစောင့်ရှောက်ခြင်းဖြင့် မျက်နှာလိုက်ခြင်း အပြစ်ကို သူတို့ ရှောင်ရှားကြရမည်ဟု ယာကုပ် သွန်သင်ခဲ့ခြင်း ဖြစ်သည်။

> လူချမ်းသာတို့နှင့် သူဆင်းရဲတို့၏ ဆက်နွယ်ပုံအကြောင်း ယာကုပ်၏ သွန်သင်ချက်သည် ရှင်လုကာ အခန်းကြီး ၁၅ ထဲက ကယ်တင်သော သခင်၏ သွန်သင်ချက်အား အမှန်ပင် ထင်ဟပ်နေကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ မည်သို့ ထင်ဟပ်နေကြောင်း ယာကုပ် အခန်းကြီး ၂ ထဲ၌ သူပြောထားသည်။ ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်း ရတနာကို ရတတ်စေခြင်းငှာရင်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟု ဝန်ခံတော်မူသော နိုင်ငံတော်၏ အမွေခံ ဖြစ်စေခြင်းငှာရင်း ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော ဟု ဆိုခဲ့သည်။ လူချမ်းသာများ ခရစ်ယာန် မိတ်သဟာယသို့ လာရောက်ကြသောအခါ သူတို့ကို မျက်နှာသာပေးနေကြသည်။ “လူကြီးမင်း ကျွန်ုပ်နေရာကို ယူပါ။ အစည်းအဝေးထဲ အကောင်းဆုံး နေရာမှာ ထိုင်နိုင်ပါတယ်” ဟူ၍ သူတို့အား လိုက်လျောပေးနေကြသည်။ ထိုသို့ ပြုမူဆက်ဆံနေကြသူတို့အား ယာကုပ်က သူဆင်းရဲတို့သည် ဘုရားသခင့် နိုင်ငံတော်အတွင်း ရပ်တည်ခွင့် အပြည့်အဝ၊ အမွေခံခွင့် အပြည့်အဝ ရှိထားသူများ ဖြစ်သောကြောင့် သူတို့အား ဂုဏ်သိက္ခာရှိရှိ လေးစားမှုနှင့်တကွ ဘုရားသခင့်လူတို့အကြား အပေါင်းအသင်းဖွဲ့ခွင့် အပြည့်အဝ ပေးကြရမည်ဖြစ်ကြောင်း သတိရကြစေရန် သတိပေးခဲ့သည်။

**ဒေါက်တာ Greg Perry**

ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သလို ယာကုပ်ဩဝါဒစာထဲ၌ ဘုရားသခင့် ပညတ်တော်အပေါ် အလွန်ပင် အပြုသဘောဆောင်သော စူးစိုက်မှု ရှိနေသည်။ ယာကုပ်၏ အမြင်တွင် ကျွန်ုပ်တို့အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် စောင့်ရှောက်ကြဖို့၊ ဆင်းရဲသားများအပေါ် ကရုဏာထားကြဖို့၊ မျက်နှာလိုက်ခြင်းမှ စသော အလားတူတို့ကို ရှောင်ရှားကြဖို့ ပညတ်တော်က သွန်သင်ထားသည်။ သို့သော် ကျွန်ုပ်တို့ ဂရုမပြုမိလျှင် ဤအပြုသဘောဆောင်သော ရှုထောင့်ကို တလွဲသုံးမိနိုင်သည်။ ခေတ်သစ် ခရစ်ယာန်တို့က ကျွန်ုပ်တို့၏ ဖြောင့်မတ်သော အကျင့်များအားဖြင့် ဘုရားသခင့် ရှေ့တော်၌ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ဖြောင့်မတ်ရာရောက်အောင် ကြိုးစားသည့်အနေနှင့် ဘုရားသခင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပညတ်တော်ကို မည်သို့ အသုံးချခဲ့ကြပြီး ဖြစ်ကြောင်း မကြာခဏ ထောက်ပြကြသည်။ ဘုရားသခင့် ပညတ်တော်ကို ဤကဲ့သို့ အလွဲသုံးခြင်းမျိုးကို ကျွန်ုပ်တို့ ရှောင်ရှားရမည်မှာ မှန်ကန်ပါသည်။ သို့သော် ထိုအရာနှင့် ဆန့်ကျင်ကွဲလွဲစွာပင် ယာကုပ် ဩဝါဒစာစောင်သည် ပညတ်တော်၏ မတူညီသော မျက်နှာစာ တစ်ခုအပေါ် အလေးပေးနေသည်။ ပညတ်တရားအားဖြင့် မည်သူမျှ ဖြောင့်မတ်ရာသို့ မရောက်နိုင်သော်ငြားလည်း ဘုရားသခင့် ပညတ်တော်သည် ဉာဏ်ပညာ၏ အရင်းအမြစ် ဖြစ်ကြောင်းကိုမူ ယာကုပ်က သွန်သင်ခဲ့သည်။ ထို့ကြောင့် ၎င်းအတိုင်း ကျွန်ုပ်တို့ နာခံ အသက်ရှင်ကြရမည် ဖြစ်ပါသည်။ ဟုတ်ပါသည်။ ဓမ္မဟောင်းကာလ အသက်ရှင်နေခဲ့စဉ်ကလိုမျိုး ပညတ်တော်ကို ကျွန်ုပ်တို့ နာခံမနေကြပါ။ ခရစ်တော်အရ၊ ဓမ္မသစ် သွန်သင်မှုများအရ ဘုရားသခင့် ပညတ်တော်ကို ကျွန်ုပ်တို့ လက်တွေ့ အသုံးပြုကြရပါမည်။ သို့သော် ကယ်တင်ခြင်းအတွက် ခရစ်တော်ကို ကိုးစားစိတ်ချပြီးသူတို့သည် ဘုရားသခင်ကို ကျေးဇူးတင်သောအားဖြင့် ပညတ်တော်ကို လိုက်လျှောက်ကြသည်။ အကြောင်းမှာ ၎င်းသည် ဘုရားသခင်၏ ဉာဏ်ပညာကို ဖွင့်လှစ် ဖော်ပြပေးသောကြောင့် ဖြစ်သည်။ ဤသဘောအရ ဆာလံ ၁၉း၇ ကို ထင်ဟပ်ပြီး ယာကုပ် ရေးခဲ့သည်။ ဆာလံ ၁၉း၇ တွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> ထာဝရ ဘုရား၏ တရားတော်သည် စုံလင်သည် ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရ ဘုရား၏ သက်သေခံတော်မူချက်တို့သည် ဟုတ်မှန်သည် ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏ (ဆာလံ ၁၉း၇)။

ဘုရားသခင်၏ ရွှေပညတ်တော်ကို နာခံခြင်းဖြင့် မျက်နှာလိုက်မှုကို ဆန့်ကျင်ရင်း ဉာဏ်ပညာကိုပေးသော နှုတ်ကပတ်ကို တုန့်ပြန်သည့်အနေနှင့် လက်တွေ့ကျင့်ဆောင်မှု၏ အရေးကြီးပုံကို မိတ်ဆက်ပြီးသည့်နောက် ၂း၁၄-၂၆ အတွင်း ယုံကြည်ခြင်းနှင့် နာခံမှုတို့အကြား မည်သို့ဆက်နွယ်မှု ရှိကြောင်း ယာကုပ် ဆွေးနွေးခဲ့သည်။

## ယုံကြည်ခြင်း (၂း၁၄-၂၆)

၂း၁၄ တွင် ယာကုပ်က ဤသို့ မေးခွန်းထုတ်ထားသည်။

> ငါ့ညီအစ်ကိုတို့၊ တစ်စုံတစ်ယောက်သောသူက ငါသည် ယုံကြည်ခြင်းရှိ၏ ဟု ပြောလျက် အကျင့်ကို မကျင့်ဘဲနေလျှင် အဘယ်အကျိုး ရှိသနည်း။ ထိုယုံကြည်ခြင်းသည် ထိုသူကို ကယ်တင်နိုင်သလော။ (ယာကုပ် ၂း၁၄)။

ဤမေးခွန်းအား ယာကုပ်က ကျယ်လောင်သော ငြင်းဆိုသံဖြင့် တုန့်ပြန်ခဲ့သည်။ ထိုအချက်ကို ပုံစံအမျိုးမျိုးဖြင့် သူပြခဲ့သည်။ ပထမဦးစွာ နတ်ဆိုးတို့ပင်လျှင် ဘုရားသခင်နှင့် ပတ်သက်၍ မှန်သော အကြောင်းအရာတို့ကို ယုံကြည်ကြသည်။ သို့သော် ထိုယုံကြည်ခြင်းသည် သူတို့အတွက် အကျိုးမရှိကြောင်း သူ ထောက်ပြခဲ့သည်။ ထို့နောက် အာဗြဟံ၏ ယုံကြည်ခြင်းသည် နာခံမှုဆီသို့ မည်သို့ ဦးတည်သွားကြောင်း သူမှတ်သားခဲ့သည်။ ဆက်လက်ပြီး ရာခပ်သည် ကောင်းသောအကျင့်များ အားဖြင့်

သူမ၏ ယုံကြည်ခြင်းကို မည်သို့ပြခဲ့ကြောင်း သူ ဖော်ပြခဲ့သည်။ ထို့ကြောင့် ၂း၂၆ တွင် အများသိ ကောက်ချက်တစ်ခုကို ထုတ်ဖော်ခဲ့သည်။

> ဝိညာဉ်နှင့် ကင်းသော ခန္ဓာကိုယ်သည် အသေဖြစ်သကဲ့သို့ အကျင့်နှင့် ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်၏ (ယာကုပ် ၂း၂၆)။

ယာကုပ်အလိုအရ မှန်ကန်သော ယုံကြည်ခြင်း ရှိရုံဖြင့် မလုံလောက်ပေ။ နာခံခြင်းကို ပြသခြင်း မရှိသည့် ယုံကြည်ခြင်းသက်သက်သည် အသေသော ဖြစ်သည်။ ၎င်းသည် ကယ်တင်ခြင်းနှင့် ယှဉ်သော စစ်မှန်သည့် ယုံကြည်ခြင်း မဟုတ်ပေ။

နာခံသော အသက်တာ လျှောက်လှမ်းရန် သူ့ပရိသတ်ကို တိုက်တွန်းပြီးနောက် ခရစ်တော်၏ နောက်လိုက်များအကြား ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်းတို့အကြား ဆက်နွယ်မှုအပေါ် ယာကုပ် အာရုံ စူးစိုက်ခဲ့သည်။

## ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်း (၃း၁-၄း၁၂)

၄း၁ ရှိ ယာကုပ်၏ မေးခွန်းကို နားထောင်ကြည့်ပါ။

> သင်တို့တွင် စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်း အကြောင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။ (ယာကုပ် ၄း၁))။

ဤအပိုင်း၏ အလယ်တွင် ဤကျမ်းချက် ရှိနေသော်လည်း ကဏ္ဍတစ်ခုလုံးသည် ဤမေးခွန်းကိုပင် ပုံစံအမျိုးမျိုးပြောင်းကာ ဖြေဆိုထားသည်။

ဤအပိုင်းတွင် ယာကုပ်သည် ယုံကြည်သူတို့အကြား ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်းတို့ဖြင့် စပ်ဆိုင်သော အဓိက အရေးအရာသုံးရပ်ကို မှတ်သားထားခဲ့သည်။ ပထမဦးစွာ ၃း၁-၁၂ တွင် ယာကုပ်သည် နှုတ်လျှာ သို့မဟုတ် စကားအပြောအဆို အပေါ် စူးစိုက်ထားခဲ့သည်။

### နှုတ်လျှာအကြောင်း (၃း၁-၁၂)

၃း၄ နှင့် ၅ တို့တွင် ယာကုပ်သည် နှုတ်လျှာအား သင်္ဘော၏ တက်မနှင့် နှိုင်းယှဉ်ထားသည်။ သူက ဤသို့ ရှင်းပြသည်။

> သင်္ဘောများသည် အလွန်ကြီးမားကြပြီး အလွန်ပြင်းထန်သော လေအဟုန်ဖြင့် မောင်းနှင်ကြရသည်။ သို့သော် သူတို့ကို မောင်းနှင်သော တက်မမှာမူ သေးငယ်သည်။ ထို့အတူ နှုတ်လျှာသည်လည်း ကိုယ်ခန္ဓာ၏ အလွန်သေးငယ်သော အင်္ဂါ အစိတ်အပိုင်း ဖြစ်သော်လည်း အကြီးအကျယ် ကြွားလုံး ထုတ်တတ်သည် (ယာကုပ် ၃း၄-၅)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ္ဘာ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့နောက် အငယ် ၆ တွင် သူ့ပရိသတ်ကို ပြောရင်း သူ ထပ်ဖြည့်လိုက်သည်မှာ

> လျှာသည် ငါတို့၏ အင်္ဂါတို့တွင် တည်၍ တစ်ကိုယ်လုံးကို ညစ်ညူးစေ၏။ ဇာတိစက်ကိုလည်း ရှို့တတ်၏။ မိမိသည်လည်း ငရဲမီးရှို့ခြင်းကို ခံလျက် ရှိ၏ (ယာကုပ် ၃း၆)။

နှုတ်လျှာက ဆိုးညစ်မှုကို ပေးနိုင်စွမ်းသည့်အပေါ် ယာကုပ်၏ သတိပေးချက်သည် သုတ္တံကျမ်းထဲ ကျွန်ုပ်တို့ တွေ့ရသည်နှင့် များစွာ တူညီမှု ရှိနေသည်။ သုတ္တံ ဆိုရိုးတို့သည်လည်း နှုတ်လျှာ သို့မဟုတ် စကားအပြောအဆိုတို့နှင့် ပတ်သက်သည့် အန္တရာယ်များအကြောင်း အကြိမ်ပေါင်းများစွာ ပြောဆိုထားသည်။ သုတ္တံ ၁၀း၃၁၊ ၁၁း၁၂၊ ၁၅း၄ မှစ၍ အခြားသော ကျမ်းချက်များစွာတွင် ဤအကြောင်းကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ ယာကုပ်ရော သုတ္တံတို့ကပါ ဘုရားသခင့် လူတို့အကြား စကားလုံးများကြောင့် ဒုက္ခပြဿနာပေါင်းစုံ ဖြစ်ပေါ် နိုင်ကြောင်း ညွှန်ပြထားကြသည်။ ပဋိပက္ခများကို ရှောင်ရှားပြီး အသင့်အတင့် ငြိမ်ဝပ်စွာ နေထိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် မိမိတို့၏ နှုတ်လျှာကို ထိမ်းသိမ်းကြရမည် ဖြစ်သည်။

> ယာကုပ် ဩဝါဒစာကို ကျွန်ုပ်တို့ လေ့လာချိန်၊ ကျွန်ုပ်တို့၏ စကား အပြောအဆိုများအကြောင်း ယာကုပ် ပြောဆိုသည်များကို ကျွန်ုပ်တို့ ကြားရသည့်အခါ "နှုတ်မှ မြွက်သမျှတို့သည် နှလုံးထဲမှ ထွက်လာကြသည်" ဆိုသော ယေရှု ပြောစကားများ၏ ပြန်လည်သတိပေးမှုကို ကျွန်ုပ်တို့ ခံစားကြရသည်။ ထို့ပြင် ယေရှု၏ စကားတော်များကို ယာကုပ် ထင်ဟပ်ပြီး ခရစ်တော် ကြွလာမှုအရ၊ အနာဂတ် ပြန်လည် ကြွဆင်းလာမည်ကို မျှော်လင့်မှုအရ ယနေ့ ကျွန်ုပ်တို့ မည်သို့ အသက်ရှင်ရမည်ဆိုသည်နှင့် ပတ်သက်ပြီး အသင်းတော်အတွက် အဆုံးအမ ပေးရာ၌ ကျွန်ုပ်တို့ စိတ်နှလုံးကို စစ်ကြောရန် ကျွန်ုပ်တို့အား ယာကုပ် ပေးသည့် နည်းတစ်ခုမှာ ကျွန်ုပ်တို့၏ စကားများအပေါ် စူးစိုက်ခြင်းပင် ဖြစ်သည်။ တနည်းဆိုရလျှင် လူပုဂ္ဂိုလ် တစ်ဦး၏ စကားများ (ဝါ) နှုတ်လျှာ ဆိုသည့် စကားအပြောအဆိုအတွက် အတိုကောက် စကားလုံးသည် အဆိုပါ ပုဂ္ဂိုလ်၏ ကျင့်ဝတ်အသက်တာ တစ်ခုလုံးကို ဖော်ပြရာ ဘာရိုမီတာပင် ဖြစ်သည်ဟု ယာကုပ်က ရှုမြင်သည်။ ၎င်းသည် အပူချိန်ကိုလည်း ဖော်ပြသည်။ နောက်တနည်း ဆိုရလျှင် နှလုံးသား တစ်ခု၏ အပူချိန်ကို ဖော်ပြခြင်း ဖြစ်သည်။ သို့ဖြစ်သောကြောင့် "နှုတ်မှ မြွက်သမျှတို့သည် နှလုံးထဲမှ ထွက်လာကြသည်" ဟု ယေရှုမိန့်မှာခဲ့သလိုပင် လူသည် မိမိနှုတ်လျှာကို ထိန်းချုပ်ရမည် အကြောင်းနှင့် နှုတ်တစ်ပါးထဲက ချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်းတို့ အတူ မထွက်ကောင်းကြောင်း ယာကုပ်ပြောဆိုသည့်အခါ ကျွန်ုပ်တို့၏ နှလုံးသားများကို ဘုရားသခင်ထံ အပြည့်အဝဆက်ကပ်အပ်နှံ ရမည်ဟု ကျွန်ုပ်တို့အား သူမှာကြားနေခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်နှစ်ခွ ရှိသူများ မဖြစ်ရကြပါ။ ထိုအစား ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၏ သွန်သင်ချက်ကို အခိုင်အမာ မှီဝဲ ဆည်းကပ်ကြရပါမည်။ ထိုအတိုင်း ကျွန်ုပ်တို့ လုပ်ဆောင်သည်နှင့်အမျှ ကျွန်ုပ်တို့၏ စကားလုံးများကလည်း ကျွန်ုပ်တို့၏ ညီအစ်ကို မောင်နှမများအပေါ် ကိုက်ခဲစကား ဖြစ်မည့်အစား ကောင်းချီးစကားသာ ဖြစ်ရပါလိမ့်မည်။
>
> **ဒေါက်တာ Brandon D. Crowe**

ဉာဏ်ပညာ နှင့် ငြိမ်သက်ခြင်း တို့အား နှောင်ဖွဲ့ထားသော ဒုတိယ အရေးအရာ၌ ဉာဏ်ပညာ နှစ်မျိုး ပါဝင် ပတ်သက်နေသည်။ ဤအရာကို ၃း၁၃-၁၈ တွင် ကျွန်ုပ်တို့ တွေ့ရသည်။

## ဉာဏ်ပညာ နှစ်မျိုး (၃း၁၃-၁၈)

ယာကုပ် ၃း၁၄-၁၇ တွင် ဖတ်ရသည့် စကားလုံးများမှာ

> သင်တို့စိတ်ထဲမှာ ခါးစွာသော ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း ရှိလျှင် သမ္မာတရားကို မုသာဖြင့် ဆန့်၍ မဝါကြွားကြနှင့်။ ထိုသို့သော ပညာသည် အထက်မှ သက်ရောက်သော ပညာမဟုတ်။ မြေကြီးပညာ၊ ဇာတိပကတိ ပညာ၊ နတ်ဆိုး ပညာ ဖြစ်၏။ ......အထက်မှ သက်ရောက်သော ပညာမူကား ရှေးဦးစွာ စင်ကြယ်၏။ ထိုမှတပါး အသင့်အတင့် နေတတ်၏။ ဖြည်းညှင်းသော သဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်ငင်း၊ ကောင်းကျိုးနှင့်ငင်း ပြည့်စုံ၏။ လစ်လျူသောစိတ် ရှိ၏။ လျှို့ဝှက်ခြင်းနှင့် ကင်းစင်၏ (ယာကုပ် ၃း၁၄-၁၇)။

ဤနေရာတွင် ကျွန်ုပ်တို့ တွေ့ရသလို ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်းတို့အကြား ဆက်နွယ်မှုကို ရှင်းပြရန်အတွက် မြေကြီးနှင့်ဆိုင်ရုံသာမက နတ်ဆိုးထံမှပင် အရင်းခံလာသော ဉာဏ်ပညာနှင့် အထက်အရပ်မှလာသော ဉာဏ်ပညာတို့ အကြား ယာကုပ်က ကွဲပြားခြားနားထားခဲ့သည်။ မြေကြီး ပညာသည် ခါးသည်းသော ဂုဏ်ပြိုင်ခြင်းနှင့် ရန်တွေ့ခြင်းတို့ကို ဖြစ်စေသည်။ သို့သော် ဘုရားသခင့်ထံတော်မှ လာသော ဉာဏ်ပညာမူကား ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း အသင့်အတင့် ငြိမ်ဝပ်ခြင်းကို ဆောင်ကျဉ်းပေးသည်။

ယာကုပ်သည် သူ့ပရိသတ်တို့အား ရန်တွေ့ခြင်း၊ ငြင်းခုံခြင်းတို့ကို စွန့်ကြရန် ဖိတ်ခေါ် တိုက်တွန်းထားသည်။ ရန်တွေ့လိုသောစိတ်ကို ကျွန်ုပ်တို့ မှီဝဲဆည်းကပ်သည့်အခါ ကျွန်ုပ်တို့အကြားတွင် ငြိမ်သက်ခြင်း မရှိနိုင်ကြောင်း သူရှင်းပြခဲ့သည်။ လောကီ ဉာဏ်ပညာသည် “မငြိမ်မဝပ် ရှုန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာ ပြုမူခြင်းအမျိုးမျိုး” တို့ကိုသာ ဖြစ်စေကြောင်း သူ သွန်သင်ခဲ့သည်။ သို့ဖြစ်၍ ယာကုပ်သည် သူ့စာဖတ် ပရိသတ်တို့အား ဘုရားသခင့်ထံမှလာသော ဉာဏ်အပေါ်မှာသာ အမှီပြုရန် ညွှန်ကြားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ ဤအတိုင်း လုပ်ဆောင်သည့်အခါ ငြိမ်ဝပ်ခြင်းကို ရရှိကြသည်။ ၃း၁၈တွင် ယာကုပ်ပြောခဲ့သည်မှာ

> အသင့်အတင့်နေခြင်းဌာ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၏ မျိုးစေ့ကို ငြိမ်သက်စွာ ကြဲတတ်ကြ၏ (ယာကုပ် ၃း၁၈)။

ဤကဏ္ဍအတွင်း တတိယ အရေးအရာ ဖြစ်သော ၄း၁-၁၂ သည် ဉာဏ်ပညာနှင့် ငြိမ်သက်ခြင်းတို့အား ခရစ်တော်၏ နောက်လိုက်တို့ တွေ့ကြုံရသော အတွင်းစစ်ပြိုင်ခြင်းနှင့် ဆက်နွယ်ပြီး လေ့လာသည်။

## အတွင်း စစ်ပြိုင်ခြင်း (၄း၁-၁၂)

ခရစ်ယာန်များအကြား စစ်ပြိုင်ခြင်းသည် မှားယွင်းသော ကိလေသာ ကာမစိတ်ကြောင့်၎င်း၊ တပ်မက်စိတ်ကြောင့်၎င်း ကျွန်ုပ်တို့ အတွင်း အလိုမပြည့်စုံနိုင်မှုတို့ကြောင့်၎င်း ဖြစ်ရကြောင်း ယာကုပ်က ဇစ်မြစ်လိုက်ထားသည်။ ယာကုပ်၏ အမြင်အရ ကြည့်လျှင် သူ့ပရိသတ်တို့အတွင်းရှိ ကိလေသာ ကာမစိတ်က ခရစ်ယာန် လူ့ဘောင်အတွင်း ပျက်ဆီးယိုယွင်းမှု အကြီးအကျယ် ဖြစ်ပွားစေခဲ့ပြီး ဖြစ်သည်။ သူတို့အား သူတို့၏ တပ်မက်လိုချင်မှုများက အုပ်စိုးထားသည်။ ဤအရာကြောင့်ပင် သူတို့ တိုက်ခိုက်နေကြသည်။ လိုချင်တပ်မက်နေကြသည်။ တစ်ဦးကို တစ်ဦး ဖျက်ဆီး၍ပင် နေကြသည်။ သို့ဖြစ်၍ အသင့်အတင့် ငြိမ်ဝပ်ခြင်းရှိစေရေးအတွက် သူတို့ ဘာလုပ်ရမည်ကို ယာကုပ်က ကြပ်ကြပ်မှာကြားခဲ့ရခြင်း ဖြစ်သည်။ ၄း၇-၁၀ တွင် ယာကုပ်က

> ဘုရားသခင်၏ အလိုတော်သို့ လိုက်ကြလော့။ ..... ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ .......ဘုရားသခင့် ရှေ့တော်၌ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချကြလော့။ သို့ပြုလျှင် သင်တို့ကို ချီးမြှောက်တော်မူလိမ့်မည် (ယာကုပ် ၄း၇-၁၀) ဟု ဆိုခဲ့သည်။

ဘုရားသခင်ထံ နှိမ့်ချပျပ်ဝပ်ခြင်းကသာလျှင် သူတို့၏ စစ်တိုက်ခြင်း၊ ငြင်းခုန် ရန်တွေ့ခြင်းတို့ကို အဆုံးသတ်ပေးပါလိမ့်မည်။ တစ်ဦးနှင့် တစ်ဦး သဟာဇာတ ဖြစ်မှုကိုပေးပါလိမ့်မည်။

ယခုတွင် ဉာဏ်ပညာနှင့် အနာဂတ်တို့အကြား ဆက်နွယ်မှုအကြောင်းကို စဉ်းစားကြပါစို့။

# ဉာဏ်ပညာနှင့် ရှေ့အနာဂတ် (၄း၁၃-၅း၁၂)

ဉာဏ်ပညာနှင့် ရှေ့အနာဂတ်အကြောင်း ယာကုပ် ဆွေးနွေးထားချက်အား အပိုင်း သုံးပိုင်းခွဲနိုင်သည်။ ပထမအပိုင်းကို ၄း၁၃-၁၇ အတွင်း တွေ့ရပြီး ထိန်းချုပ်ပိုင်သသည့် ဘုရားသခင် မရှိသကဲ့သို့ အနာဂတ်အတွက် စီမံကိန်းများချနေသူများအကြောင်းကို ဆွေးနွေးထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## စီမံကိန်းများ ချမှတ်ခြင်း (၄း၁၃-၁၇)

ယာကုပ်၏ ပရိသတ်ထဲမှ အများစုသည် သူတို့၏ အနာဂတ်ကို သူတို့ကိုယ်တိုင် ပြဌာန်းသတ်မှတ်ဖို့ ကြိုးစားနေခဲ့ကြောင်း အဆိုပါ ကျမ်းချက်များက ညွှန်ပြနေသည်။ ဥစ္စာပစ္စည်း စုဆောင်းသိုမှီးမှုအပေါ် သူတို့ စူးစိုက်နေခဲ့ပြီး သူတို့ ဘာလုပ်မည်၊ ဘယ်သွားမည် ဆိုသည်တို့အပေါ် သူတို့ ကြွားဝါခဲ့ကြသည်။ ဤအရာကို တုန့်ပြန်သောအားဖြင့် သူတို့၏ အသက်တာသည် အဆင်းသဏ္ဍာန်ကဲ့သို့ ရွေ့သွားကွယ်ပျောက်တတ်ကြောင်း သူတို့အား ယာကုပ် သတိပေးခဲ့သည်။ သူတို့၏ အနာဂတ်ဘဝများက မည်သည့်အရာကို ဆွဲကိုင်ထားကြောင်း သူတို့ မသိတာ ဖြစ်နိုင်သည်။ သူတို့အား ယာကုပ် ပြောဆိုထားရာ ၄း၁၅ နှင့် ၄း၁၆ တို့ကို နားထောင်ကြည့်ပါ။

> "ထာဝရ ဘုရားသည် အလိုတော်ရှိ၍ ငါတို့သည်လည်း အသက်ရှင်လျှင် ထိုသို့ ပြုကြကုန်အံ့၊ ဤသို့ ပြုကြကုန်အံ့" ဟု သင်တို့ ဆိုသင့်ရာ ဖြစ်ကြောင်း ယာကုပ်ပြောဆိုခဲ့သည်။ ယခု သင်တို့သည် မိမိ ထောင်လွှားခြင်း၌ ဝါကြွားကြသေး၏။ ထိုသို့သော ဝါကြွားခြင်း ရှိသမျှသည် မကောင်းမသင့် ဖြစ်၏ (ယာကုပ် ၄း၁၅-၁၆)။

ဘုရားသခင် တစ်ပါးတည်းသာလျှင် အနာဂတ်ကို ပိုင်သအုပ်စိုးပြီး ပညာရှိသူတို့က ဤအချက်ကို သိမှတ်ဝန်ခံကြရမည် ဖြစ်သည်။

ဤကဏ္ဍ၏ ဒုတိယပိုင်းတွင် ဉာဏ်ပညာနှင့် ရှေ့အနာဂတ် တို့အပေါ် အနည်းငယ် ကွဲလွဲသည့် ပုံစံဖြင့် ယာကုပ်က အာရုံ စူးစိုက်ခဲ့သည်။ ၅း၁-၆ တွင် အနာဂတ်၌ ကြုံတွေ့မည့် တရားစီရင်ရာနေ့ကြောင့် ရွှေငွေဥစ္စာ သိုမှီးခြင်းကို ယာကုပ်က ဆန့်ကျင် သတိပေးခဲ့သည်။

## ရွှေငွေဥစ္စာ သိုမှီးခြင်း (၅း၁-၈)

ယာကုပ်သည် ဆင်းရဲသားတို့ကို ပြုစုလုပ်ကျွေးခြင်း အကြောင်းအား နေရာများစွာ၌ အကျယ်တဝင့် ပြောခဲ့သည်။ ထို့ပြင် ဆင်းရဲသားတို့အပေါ် အမြတ်ထုတ် အခွင့်အရေးယူသော လူချမ်းသာများအား အဖန်ဖန် ကဲ့ရဲ့ရှုတ်ချခဲ့သည်။ အဆိုပါ ကျမ်းချက်များထဲတွင် ဆင်းရဲသားတို့အပေါ် လုပ်စားပြီး ကြွယ်ဝလာသူတို့ကို ယာကုပ်က ပြင်းပြင်းထန်ထန် သတိပေးခဲ့သည်။ ထိုအတွက် မကြာမီ သူတို့ ပြန်လည်ပေးဆပ်ကြရမည် ဖြစ်ကြောင်း သူတို့အား သူ အသိပေးခဲ့သည်။ ၅း၃ တွင် ထိုကျမ်းပိုဒ်ကို ယခုလို သူ ထည့်ထားခဲ့သည်။

> ရွှေငွေလည်း အချေးတက်၍ပျက်ကုန်ပြီ။ ထိုအချေးသည် သင်တို့ တဖက်၌ သက်သေဖြစ်၍ မီးကဲ့သို့ သင်တို့ အသားကို စားလိမ့်မည်။ သင်တို့သည် နောက်ဆုံးသော နေ့ရက်ကာလ အဘို့ ဘဏ္ဍာကို ဆည်းပူးကြပြီ တကား (ယာကုပ် ၅း၃)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤကျမ်းချက်က ညွှန်ပြနေသလိုပင် ဆင်းရဲသားအပေါ် ခေါင်းပုံဖြတ်ကာ ရွှေငွေ စုဆောင်းသူသည် ဆိုးရွားသည့် အပြစ်ဒဏ်ကို ခံရမည် ဖြစ်သည်။

> ယာကုပ်က အခြေခံကျကျ ပြောနေသည့်အချက်မှာ ကြားနာရသူ ဂျူးများစွာအတွက်မူ အလွန်ပင် အံ့အားသင့်ဖွယ်ရာ တစ်ခု ဖြစ်သည်။ ဣသရေလတိုင်းအတွင်း လူအများ နားလည်ထားသည့် ချမ်းသာသူ နှင့် ဆင်းရဲသူ ဆက်နွှယ်ပုံကို သူက အခြေခံကျကျ နောက်လှည့်ပစ်ခဲ့ပြီး ဆင်းရဲသားတို့အား မင်္ဂလာရှိသောသူများ အဖြစ် ခေါ်ဝေါ်ကာ သူတို့အကြောင်းကိုလည်း ပြောဆိုခဲ့သည်။ ချမ်းသာသူများအား အမှန်စင်စစ် နောင်တရရန် အဆင်သင့် ရှိနေစေဖို့ တရားစီရင်မှုကိုလည်း မျှော်လင့်ထားကြဖို့ သူ သတိပေးထားသည်။ ထိုတရားစီရင်မှု၏ အခြေခံသည် ဥစ္စာဓနကို သူတို့အတွက်သာ ဤသူတို့ ရှာမှီးဆည်းပူး နေကြ၍ ဖြစ်သည်။ သင့်အား ဘုရားသခင်က ဥစ္စာပစ္စည်းဖြင့် ကောင်းချီးပေးသည့်အခါ သင့်အတွက် ဘုရားသခင့် အလိုတော်သည် ထိုဥစ္စာအား သင်နှင့် စပ်ဆိုင်သောသူကို မျှဝေရန်၊ သူတပါးအတွက် ကောင်းချီးဖြစ်စေရန် ဖြစ်သည်။ သို့သော် ထိုသူတို့သည် ဥစ္စာဓနကို သူတို့အတွက်သာ ရှာမှီးဆည်းပူးနေကြသည်။ သူတို့သည် သူတို့၏ ဝန်ထမ်းများအား သင့်တင့်မျှတသော လုပ်ခလစာ မပေးဘဲ မတရား ခေါင်းပုံဖြတ်နေခဲ့ကြသည်။ ဥစ္စာဓနဟူသည် ဘုရားသခင့် ဆုလက်ဆောင် ဖြစ်သောကြောင့် ဘုရားသခင် အလိုတော်အတိုင်း အသုံးပြုရပါမည်။ သင့်အတွက် မဟုတ်ဘဲ အဆုံးသတ်အားဖြင့် သင်နှင့် စပ်ဆိုင်သောသူအတွက် ဖြစ်ဖို့ လိုပါသည်။ တနည်းဆိုရလျှင် စီးပွားရေး လုပ်ငန်းတိုင်းအား "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့" ဟူသော စည်းမျဉ်းက ထိန်းကျောင်းထားသင့်ပါသည်။

**Rev. David Lewis**

ဉာဏ်ပညာနှင့် ရှေ့အနာဂတ်အကြောင်း ယာကုပ်၏ ဆွေးနွေးချက် တတိယမြောက် အပိုင်းကဏ္ဍသည် ၅း၇-၁၂ တွင် ပါဝင်နေပြီး အနာဂတ်တွင် ဖွင့်ပြမည့် ဘုရားသခင့် အစီအစဉ်များကို စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းရေးဆီသို့ လှည့်လာသည်။

## စိတ်ရှည်သည်းခံစွာ စောင့်ဆိုင်းခြင်း (၅း၇-၁၂)

ဘုရားသခင့်ထံတော်မှလာသော ဉာဏ်ပညာအပေါ် မကိုးစားဘဲ စီမံကိန်းချနေသူတို့အား ယာကုပ်က ဝေဖန်ပြစ်တင်ခဲ့သည်။ ဥစ္စာဓနကို မိမိအတွက်သာ ဆည်းပူးနေပြီး ဆင်းရဲသားတို့အပေါ် မတရား အမြတ်ထုတ်ခြင်းဖြင့် ဘုရားသခင့် ဉာဏ်ပညာကို မသိကျိုးကျွံပြုထားသူတို့သည် ဘုရားသခင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စီရင်မှုကို ကြုံရလိမ့်မည် ဖြစ်ကြောင်း သူ သတိပေးထားခဲ့သည်။ သို့သော် ဤအရာ၏ နောက်တွင် ယာကုပ်က လူ့သမိုင်းအား ဘုရားသခင် အဆုံးသတ်ပြည့်စုံစေမည့်အချိန်ကို သည်းခံစောင့်ဆိုင်းရန် ဆင်းရဲဒုက္ခခံနေရသူတို့အား ခွန်အားပေးခဲ့သည်။ ၅း၇ နှင့် ၈ တို့တွင် ယာကုပ် ဥပမာ ပေးထားပုံကို နားထောင်ကြည့်ပါ။

> ထို့ကြောင့် ညီအစ်ကိုတို့၊ သခင်ဘုရား ကြွလာတော်မူသည့်တိုင်အောင် သည်းခံလျက် စောင့်နေကြလော့။ အကယ်၍ လယ်လုပ်သောသူသည် အရင်မိုး၊ နောက်မိုးကို ရသည်တိုင်အောင် အဖိုးထိုက်သော မြေအသီးကို သည်းခံလျက် စောင့်နေ၍ မျှော်လင့်တတ်၏။ သင်တို့သည်လည်း သည်းခံလျက် စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။ သခင်ဘုရား ကြွလာတော်မူသော အချိန် နီးပြီ (ယာကုပ် ၅း၇-၈)။

ကျွန်ုပ်တို့ ယခုပင် ညွှန်ပြခဲ့ပြီးဖြစ်သလို ဤအပိုင်းထဲက ယာကုပ်၏ စကားများသည် သူဌေးများကို သတိပေးရုံမျှသာ မကပါ။ ဆင်းရဲသားများနှင့်တကွ အဖိနှိပ်ခံများကိုပါ ခွန်အားပေးနေခြင်း ဖြစ်သည်။ ယာကုပ်၏ အပြင်းအထန် ပြစ်တင်ရှုံ့ချမှုသည် တရားစီရင်ရာနေ့ရက် နီးကပ်လာပြီဖြစ်ကြောင်း သူ့ပရိသတ်တို့ကို သတိပေးနေသည်။ ထို့ကြောင့် ထိုအချိန် ရောက်လာသည့်အခါ ဘုရားသခင်အပေါ် သစ္စာရှိစွာ မှီခိုအားထားခဲ့သူတို့သည် ဆုလာဒ်များကို ရရှိကြမည် ဖြစ်သည်။ ထိုနည်းအားဖြင့် သစ္စာရှိသူတို့အား မိမိတို့၏ ယုံကြည်ဝန်ခံချက်ကို လက်တွေ့ လုပ်ဆောင်ပြီး အနာဂတ်အတွက် ဘုရားသခင် ကြိုစည်ထားသည့် ခမ်းနားသော အဆုံးသတ် ပြည့်စုံမှုအရ ဘုရားသခင်ကို နာခံရင်း ဘုရားဝတ်၌ မွေ့လျော်သော ဉာဏ်ပညာလမ်းစဉ်အတိုင်း ဆက်လျှောက်ရန် သူ ခွန်အားပေးခဲ့သည်။

ဉာဏ်ပညာသည် ဝမ်းမြောက်ခြင်း ၊ နာခံခြင်း၊ ငြိမ်ဝပ်ခြင်း၊ ရှေ့အနာဂတ်တို့နှင့် မည်သို့ ဆက်နွယ်နေကြောင်း သူ့ပရိသတ်တို့အား ရှင်းပြပြီးနောက် ဉာဏ်ပညာနှင့် ဆုတောင်းခြင်းတို့၏ တိုတောင်းပြီး လက်တွေ့ကျသော အသုံးပြုချက်နှင့် အဆုံးသတ်သည်။

## ဉာဏ်ပညာနှင့် ဆုတောင်းခြင်း (၅း ၁၃-၁၈)

ယာကုပ်၏ ပရိသတ်သည် အရေးအရာများစွာကို ရင်ဆိုင်ဖြေရှင်းနေရသည်။ သူတို့အိမ်များမှ ကွဲလွင့်နေထိုင်နေကြရသည်။ လူချမ်းသာတို့သည် ဆင်းရဲသားတို့ကို ညှင်းဆဲနေကြသည်။ သူတို့အချင်းချင်း ငြင်းခုန် ရန်တွေ့ကာ ထိခိုက်နေကြလျက် ရှိသည်။ အများစုအား သူတို့၏ တပ်မက်လိုချင်စိတ်များက အုပ်စိုးနေပုံရသည်။ သူတို့၏ ယုံကြည်ဝန်ခံချက်များနှင့် ကိုက်ညီသည့် ပုံစံများအတိုင်း အသက်ရှင်ဖို့ ခက်ခဲနေခဲ့ကြသည်။ သို့ဖြစ်၍ အဆိုပါ ဆိုင်ပြိုင်မှုများကို သူတို့ ရင်ဆိုင်နေကြရစဉ် ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း ဘာလုပ်ရမည်ဆိုသည်ကို ဤနောက်ဆုံး အခန်းကဏ္ဍထဲ၌ ယာကုပ် သွန်သင်ထားခဲ့သည်။ စာစောင် အစပိုင်းတွင် သူသွန်သင်ခဲ့သမျှနှင့် အလားတူ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆုတောင်းအသက်တာ အတွက် ဆက်ကပ်ရန် သူတို့အား ဤနေရာတွင် ယာကုပ် သွန်သင်ထားသည်။ ဆင်းရဲဒုက္ခများ သို့မဟုတ် ပျော်ရွှင်ဖွယ်ရာများ ကြုံရချိန်၊ တစ်ကိုယ်ရည် ဒုစရိုက်ကြောင့် ဖြစ်ရသည့် ဖျားနာမှုကို တိုက်လှန်နေရချိန်တို့တွင် ဉာဏ်ပညာ ရှိသူတို့သည် ဆုတောင်းကြလိမ့်မည် ဖြစ်သည်။ ၅း၁၃ နှင့် ၁၄ တို့၌ သူ့ပရိသတ်တို့အား ယာကုပ်ပြောဆိုထားသည်ကို နားထောင်ကြည့်ပါ။

> သင်တို့တွင် ဆင်းရဲခံရသောသူ ရှိလျှင် ဆုတောင်းစေ။ ရွှင်လန်းသောသူ ရှိလျှင် ဆာလံသီချင်းကို ဆိုစေ။ နာသောသူ ရှိလျှင် သင်းအုပ်တို့ကို ခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမတော်ကို အမှီပြုလျက် သူ့အပေါ်မှာ ဆုတောင်းစေ (ယာကုပ် ၅း၁၃-၁၄)။

အခြေအနေတိုင်း၌ ဉာဏ်ပညာရရှိရန်အတွက် ဘုရားသခင်ထံ ချဉ်းကပ်ဖို့ ယာကုပ်က သူ့ပရိသတ်ကို မျှော်လင့်ခဲ့သည်မှာ ရှင်းပါသည်။ ဤအတွက် အကြောင်းတရားအား အခန်းငယ် ၁၆ ပါ ယာကုပ်စကားများ၌ ရှင်းလင်းစွာတွေ့နိုင်သည်။.

> သူတော်ကောင်း ဆုတောင်း၍ အရှိန်ကြီးသော ပဌနာသည် အလွန်တန်ခိုးပါ၏ (ယာကုပ် ၅း၁၆)။

ဤစာစောင်၏ အဓိက စာကိုယ်အား စုံစမ်းနှောင့်ယှက်ခြင်းများ၌ သည်းခံခြင်းဖြင့် ဆုတောင်းကြဖို့ ဖိတ်ခေါ် မှုနှင့် အဆုံးသတ်အပြီး စာစောင်အား နှိုးဆော် တိုက်တွန်း မှု တစ်ခုဖြင့် ယာကုပ် နိဂုံးချုပ်ခဲ့သည်။

## နိဂုံးချုပ် တိုက်တွန်း နှိုးဆော်ချက် (၅း၁၉-၂၀)

၅း၁၉ နှင့် ၂၀ တို့တွင် ယာကုပ်က တစ်ဦးကို တစ်ဦး စောင့်ရှောက်ကြည့်ရှုကြရန်နှင့် သမ္မာတရားလမ်းမှ လွဲသွားသူတို့ကို လမ်းမှန်သို့ ပြန်ခေါ်ဆောင်လာရန် သူ့ပရိသတ်ကို တိုက်တွန်းခဲ့သည်။ ယုံကြည်ခြင်းမိသားစုထဲမှ ညီအစ်ကို မောင်နှမများအနေဖြင့် အစစ်အမှန် ကယ်တင်သော ယုံကြည်ခြင်းဆီသို့ လူတို့ကို ပြန်ခေါ်လာရေးသည် သူတို့၏ တာဝန်ဖြစ်သလို အခွင့်အရေး လည်းဖြစ်ကြောင်း သူတို့အား ယာကုပ် သတိပေးခဲ့သည်။

# နိဂုံး

---

ဤယာကုပ် မိတ်ဆက်ထဲတွင် စာစောင်၏ နောက်ခံသမိုင်းကို ကျွန်ုပ်တို့လေ့လာခဲ့ကြပြီး စာရေးသူ၊ ပရိသတ်၊ ရေးသားစဉ် အခြေအနေ အချိန်အခါ တို့ကို မှတ်သားခဲ့ကြပြီး ဖြစ်ပါသည်။

စာစောင်၏ ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာတို့ကိုလည်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီး စုံစမ်းနှောင့်ယှက်ခြင်းများတွေ့ကြုံ၍ စိတ်ပျက်အားငယ်နေကြသည့် ယုံကြည်သူများအား ဝမ်းမြောက်ခြင်း၊ နာခံခြင်း၊ ငြိမ်ဝပ်ခြင်း၊ ရှေ့အနာဂတ် နှင့် ဆုတောင်းခြင်းတို့အရ ဤစာစောင်က ဓမ္မသစ် ဉာဏ်အလင်းပြစာစောင် အဖြစ်ဖြင့် မည်သို့ အသုံးခံခဲ့ကြောင်းကိုလည်း တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။

ဉာဏ်ပညာအတွက် ဘုရားသခင်ကို ရှာဖွေရန် ယာကုပ် သြဝါဒစာစောင်က ပထမရာစုနှစ် ခရစ်ယာန်တို့အား စိမ်ခေါ်ထားသဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို သူတို့ သည်းခံဖြတ်သန်းရသည်နှင့်အမျှ သူတို့၌ ဝမ်းမြောက်ခြင်း ရှိနိုင်ကြပေသည်။ ယာကုပ်၏ မူလပရိသတ်တို့နှင့် မတူသော အခြေအနေများ၌ သင်နှင့် ကျွန်ုပ်တို့ ရှင်သန်နေကြရသည်မှာ မှန်ပါသည်။ သို့သော် ကျွန်ုပ်တို့လည်း စုံစမ်းနှောင့်ယှက်ခြင်းများကို ကြုံတွေ့နေကြရသည်။ အဆိုပါ စုံစမ်းနှောင့်ယှက်ခြင်းများကို ကူညီဖြေရှင်းပေးမည့် ဘုရားသခင့်အထံတော်မှ လာသည့် ဉာဏ်ကို ကျွန်ုပ်တို့လည်း လိုအပ်ပါသည်။ ယာကုပ်၏ ပထမ ပရိသတ်လိုပင် ကျွန်ုပ်တို့သည် ဘုရားသခင့် ဉာဏ်ပညာက ဆောင်ကြဉ်းပေးသည့် ဝမ်းမြောက်ခြင်းစစ်ကို လိုအပ်ပါသည်။ ဤသင်ခန်းစာအတွင်း ဤစာစောင်က ပေးသမျှကိုသာ ကျွန်ုပ်တို့ ဆွေးနွေးထားလင့်ကစား တစ်ခုတော့ ရှင်းရှင်း သိသင့်ပါသည်။ ယာကုပ်စာစောင်သည် ခေတ်အဆက်ဆက်၌ ဉာဏ်အလိမ္မာဖြင့် ရှင်သန်နိုင်ရေးအတွက် လမ်းကြောင်းတစ်ခု ကို ချမှတ်ထားပေးသည်။ ကျွန်ုပ်တို့ အသက်တာအတွက် ဤစာစောင်ကို ကျွန်ုပ်တို့ လက်တွေ့သုံးလေလေ မည်သည့် စုံစမ်းနှောင့်ယှက်ခြင်းမျိုး၊ အခက်အခဲမျိုးကို ကျွန်ုပ်တို့ ကြုံရပါလေစေ၊ ဘုရားသခင်က ကိုယ်တော်၏ လူတို့အား ပေးသနားတော်မူသော ကောင်းချီးမင်္ဂလာ ဝမ်းမြောက်ခြင်းစစ်ကို ကျွန်ုပ်တို့ ရရှိခံစားရလေလေ ဖြစ်ပါတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။